ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

(၁၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## **အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၉.၅၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

## **အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## **အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ၅-၁၂-၂၀၁၆ ရက်နေ့တွင် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ပြည်ပခရီးစဉ်။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ပြည်ပခရီးစဉ်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ပြည်ပခရီးစဉ်။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ မော်လိုက်မြို့တည်ရာပြည့်ပွဲတော်တက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေးစစ်ဆေးရန်။ ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဆေးရုံတက်ရောက်ကုသ။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ မစ္စတာကိုဖီအာနန် နှင့် တွေ့ဆုံရန်။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်ပခရီးစဉ် တို့ပဲ ဖြစ်ပါတယ်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂)ဦးနဲ့ ယနေ့ခွင့်ပန်ကြားသူ (၂၁)ဦး ဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ က သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဝေးလံခေါင်သီသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တက္ကသိုလ်ဝင်စာမေးပွဲကို အထိုက်အလျောက် ထူးချွန်အောင်မြင်ခဲ့သူများအား အဆင့်မြင့်တက္ကသိုလ်များတွင် ပညာသင်ကြားရေး၊ တစ်နိုင်ငံလုံး လွှမ်းခြုံသတ်မှတ်ထားသည့် တက္ကသိုလ်ဝင်ခွင့်အမှတ်များကို လျှော့ပေါ့ပေးရေးနှင့် ၎င်းဒေသများမှ တက္ကသိုလ်ဝင်စာမေးပွဲကို သာမန်အောင်မြင်ခဲ့သူများအား ကျန်းမာရေးမှူး၊ သူနာပြု၊ သားဖွားသင်တန်းကျောင်းများသို့ တက်ရောက်နိုင်ရန် နိုင်ငံတော်အစိုးရမှ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် က ဝေးလံခေါင်သီသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တက္ကသိုလ်ဝင်စာမေးပွဲကို အထိုက်အလျောက် ထူးချွန်အောင်မြင်ခဲ့သူများအား အဆင့်မြင့်တက္ကသိုလ်များတွင် ပညာသင်ကြားရေး၊ တစ်နိုင်ငံလုံး လွှမ်းခြုံသတ်မှတ်ထားသည့် တက္ကသိုလ်ဝင်ခွင့်အမှတ်များကို လျှော့ပေါ့ပေးရေးနှင့် ၎င်းဒေသများမှ တက္ကသိုလ်ဝင်စာမေးပွဲကို သာမန်အောင်မြင်ခဲ့သူများအား ကျန်းမာရေးမှူး၊ သူနာပြု၊ သားဖွားသင်တန်းကျောင်းများသို့ တက်ရောက်နိုင်ရန် နိုင်ငံတော်အစိုးရမှ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ဟုတ်ကဲ့။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကိုမင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ယနေ့ အမျိုးသားလွှတ်တော်မှာ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ကျွန်တော်တို့ နိုင်ငံတော်အတွင်းမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီးတော့မှ ဒေသဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့တဲ့ ဒေသတွေက တက္ကသိုလ်ဝင် စာမေးပွဲများကို အထိုက်အလျောက် ထူးချွန်အောင်မြင်ခဲ့တဲ့ ကျောင်းသူ၊ ကျောင်းသားများကို အဆင့်မြင့်တက္ကသိုလ်များမှာ တက်ရောက်သင်ကြားနိုင်ဖို့အတွက် တစ်နိုင်ငံလုံးလွှမ်းခြုံ သတ်မှတ်ထားတဲ့ အမှတ်များကနေပြီးတော့မှ လျှော့ပေါ့စဉ်းစားပေးဖို့ အစီအစဉ် ရှိ/မရှိနဲ့ ထိုဒေသများမှာ တက္ကသိုလ်ဝင်စာမေးပွဲကို သာမန်အောင်မြင်ခဲ့တဲ့ ကျောင်းသူ၊ ကျောင်းသားများကို ပညာရေးကောလိပ်တို့လို ကျန်းမာရေးမှူး၊ သူနာပြုနဲ့ သားဖွားသင်တန်းကျောင်းများသို့ တက်ရောက် ပညာသင်ကြားလိုပါက တက်ရောက်ပညာသင်ကြားခွင့် ရရှိနိုင်ရေး စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့မှ မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်အတွင်းမှာ လမ်းပန်းဆက်သွယ်ရေး အင်မတန်ခက်ခဲပြီးတော့မှ ဒေသဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ခဲ့ကြတဲ့ ဒေသတွေဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ နာဂဒေသ အပါအဝင်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသထဲမှာရှိတဲ့ မြို့နယ်တော်တော်များများမှ အခြေခံပညာ၊ တက္ကသိုလ်ပညာသင်ယူနေကြတဲ့ ကျောင်းသူ ကျောင်းသားများဟာဆိုရင်ဖြင့် လျှပ်စစ်မီးမရှိ၊ ကျူရှင်မရှိ၊ ကိုယ်ပိုင်အထက်တန်းကျောင်းမရှိ၊ ဘာသာရပ်သင် ကျွမ်းကျင်ဆရာ၊ ဆရာမ မလုံလောက်မှုနဲ့အတူ သင်ထောက်ကူပစ္စည်း မပြည့်မစုံနဲ့ မိမိတို့ဘာသာ ကိုယ်တိုင်အားထုတ် ပညာသင်ကြားနေခဲ့ရပြီး အဲဒီဒေသတွေဟာ လမ်းပန်းဆက်သွယ်ရေး အင်မတန်ခက်ခဲခြင်း၊ ရာသီဥတုဆိုးဝါးခြင်းနဲ့ ငွေကြေးစီးပွား မပြည့်စုံခြင်း၊ ဒေသမတည်ငြိမ်ခြင်း စတဲ့ အခက်အခဲမြောက်မြားစွာကြားကပင် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြရပါတယ်။ အဲဒီလို အောင်မြင်ခဲ့သူကြားထဲမှာ ထူးချွန်အောင်မြင်ခဲ့သူ အလွန်နည်းပါးလှပြီးတော့မှ မိမိတို့ဘာသာ ကြိုးစားအားထုတ်ခဲ့သူများသာ အမှတ်(၄၀၀)ကျော်ဝန်းကျင် ရရှိအောင်မြင်ခဲ့ကြတဲ့အတွက် တစ်နိုင်ငံလုံးလွှမ်းခြုံ သတ်မှတ်ထားတဲ့ တက္ကသိုလ်ဝင်ခွင့်အမှတ်ကို မမီတဲ့အတွက် အဆင့်မြင့် အသက်မွေးပညာတက္ကသိုလ်များကို တက်ရောက်ပညာသင်ကြားခွင့် မရရှိခဲ့ကြပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုဒေသများမှာ ကူးစက်ရောဂါ ကြီးကြီးမားမားကျရောက်လာပြီဆိုရင် အချိန်မီထိန်းချုပ်ကာကွယ်နိုင်ဖို့ ဒေသခံပြည်သူလူထုရဲ့ ကျန်းမာရေးအသိပညာ နည်းပါးတာတွေ၊ နေထိုင်မှုဘဝ ဆင်းရဲတာတွေ၊ ပြည့်စုံလုံလောက်တဲ့ ဆေးဝါးအထောက်အပံ့ မရတာတွေနဲ့အတူ ကျွမ်းကျင်တဲ့ ဆရာ၊ ဆရာမနဲ့ ကျွမ်းကျင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေ မရှိတာတွေ၊ ကျန်းမာရေးဝန်ထမ်းများ အချိန်ပြည့်မနေနိုင်တာတွေ စတဲ့ အခက်အခဲတွေကြောင့် ၂၀၁၆ ခုနှစ်၊ ဇွန်လမှာ နာဂဒေသမှာ ဖြစ်ပွားခဲ့တဲ့ ကူးစက်ရောဂါကြောင့် ဒေသခံကလေးများအပါအဝင် လူပေါင်း (၆၀)ကျော် သေဆုံးခဲ့မှုဟာ သက်သေခံနေပါတယ်။

ဒါကြောင့်မို့လို့ ထိုဒေသများရဲ့ ကျန်းမာရေးပြဿနာ အခက်အခဲများကို ဖြေရှင်းနိုင်ဖို့နဲ့ ဒေသခံ ပြည်သူလူထုရဲ့ ရေရှည်အကျိုးကို မျှော်ကိုးပြီးတော့မှ မိမိဒေသမှာနေ၊ မိမိဒေသက ပြည်သူလူထုကို အနီးကပ် ကျန်းမာရေးစောင့်ရှောက်မှု အချိန်ပြည့်ပေးသွားနိုင်ရေးအတွက် အဲဒီဒေသမှာရှိတဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို အထိုက်အလျောက် ထူးချွန်အောင်မြင်ခဲ့တဲ့ ကျောင်းသူ ကျောင်းသားများအား ဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်များသို့ တက်ရောက်သင်ယူနိုင်ခွင့်အတွက် တစ်နိုင်ငံလုံးလွှမ်းခြုံသတ်မှတ်ထားတဲ့ တက္ကသိုလ်ဝင်ခွင့်အမှတ်များကို လျှော့ပေါ့စဉ်းစားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ အဲဒီဒေသတွေမှာ တက္ကသိုလ်ဝင်စာမေးပွဲကို သာမန်အောင်မြင်ခဲ့တဲ့ ကျောင်းသူ ကျောင်းသားများအတွက် ကျန်းမာရေးမှူးသင်တန်း၊ သူနာပြုသင်တန်းများနဲ့ သားဖွားသင်တန်းကျောင်းများသို့ တက်ရောက် ပညာသင်ကြားလိုပါက သင်ကြားခွင့်ရရှိနိုင်ရေးစီမံချက်များ ချမှတ်ထားခြင်း ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့မှ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တက္ကသိုလ်ကောလိပ် ဆရာ၊ ဆရာမများကို လက်ထောက်ကထိကရာထူး တိုးမြှင့်ရာတွင် မည်သည့် နည်းလမ်း၊ သတ်မှတ်ချက်များဖြင့် ရာထူးတိုးမြှင့်ပေးသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က တက္ကသိုလ်ကောလိပ် ဆရာ၊ ဆရာမများကို လက်ထောက်ကထိကရာထူး တိုးမြှင့်ရာတွင် မည်သည့် နည်းလမ်း၊ သတ်မှတ်ချက်များဖြင့် ရာထူးတိုးမြှင့်ပေးသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ အတွင်းရေးမှူး ဦးကျော်တုတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းသည် အနယ်နယ်အရပ်ရပ်မှ တင်ပြလာသော စာများကို ပညာရေးမြှင့်တင်မှုကော်မတီ ဆွေးနွေးဆုံးဖြတ်ချက်အရ ပြန်ကြားသိရှိစေ ရန် ပညာရေးမြှင့်တင်မှုကော်မတီကိုယ်စား တလေးတစားမေးမြန်းထားခြင်း ဖြစ်ပါတယ်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ဆရာ၊ ဆရာမများ ရာထူးတိုးမြှင့်ရာတွင် မည်သည့်နည်းလမ်း သတ်မှတ်ချက်ဖြင့် ရာထူးပေးခြင်းကို သိရှိလိုသည့် မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ခုရဲ့ ဖနဥစ္စာကြွယ်ဝချမ်းသာမှုသည် လူသားအရင်းအမြစ် ပေါကြွယ်မှုအပေါ် မူတည်ပြီး၊ လူသားအရင်းအမြစ် ပေါကြွယ်မှုသည် ပညာရေး စနစ်ကောင်းမှု၊ ညံ့ဖျင်းမှုအပေါ် မူတည်ပါတယ်။ တင်းကျပ်သော စည်းမျဉ်းစည်းကမ်းနှင့် သင်ရိုး မာတိကာ ကျေညက်မှုအပေါ်တွင် အဓိကထားခဲ့ခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်း ပြင်ပတွင် နေထိုင်စဉ်းစားတွေးခေါ်ရာ၌ ညံ့ဖျင်းနောက်ကျကျန်ခဲ့ခြင်း ဖြစ်ရတယ်လို့ အာရှပညာရေး ပြုပြင်ပြောင်းလဲမှု ဝါဒီများက သုံးသပ်ကြပါတယ်။ တက္ကသိုလ်ပညာရေး ရည်မှန်းချက်တစ်ခုမှာလည်း သဘောတရားပြည့်ဝကာ ဆင်ခြင်ဝေဖန်တတ်သော ဉာဏ်ထက်သန်ရုံမျှမကပဲ လက်တွေ့ကျကျ သုတေသန ဗဟုသုတများနှင့်ပါ ပြည့်စုံသော တိုင်းပြည်၏အနာဂတ် ခေါင်းဆောင်များ ကောင်းစွာ မွေးထုတ်နိုင်ရန် ဖြစ်ပါတယ်။ ဆရာဟူသည် အမြင့်မြတ်ဆုံး ဥယျာဉ်မှူး၊ အကြီးအကျယ်ဆုံး ဗိသုကာ၊ အနူးညံ့ဆုံး အနုပညာရှင်၊ အနစ်နာခံနိုင်ဆုံး အလုပ်သမား၊ စေတနာအကောင်းဆုံး အလှူရှင်ဖြစ် တယ်လို့ ပညာရှင် လော့ဒ်မက်ကောလေး က မိန့်ဆိုပါတယ်။ အနာဂတ်ခေါင်းဆောင်များမွေးထုတ်ပေးမယ့် ဆရာ၊ ဆရာမများ စိတ်အနှောင့်အယှက်ကင်း၊ အမြင်ရှင်းတဲ့အခြေအနေများ လိုအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အဆင့်မြင့်ပညာဖြစ်သော တက္ကသိုလ်ပညာကို ၁၉၂၀ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ် တည်ထောင်ဖွင့်လှစ်ခြင်းဖြင့် စတင်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်အထိ တက္ကသိုလ်၊ ကောလိပ်ပေါင်း (၃၂)ကျောင်း၊ ၂၀၁၀ ခုနှစ်အထိ တက္ကသိုလ်၊

ကောလိပ်ပေါင်း (၁၆၂)ကျောင်း၊ ၂၀၁၅ ခုနှစ်အထိ တက္ကသိုလ်၊ ကောလိပ်ပေါင်း (၁၆၉)ကျောင်း ရှိခဲ့ပြီး၊ အစိုးရသစ်လက်ထက်မှာ ပညာရေးကောလိပ်(၂)ကျောင်း၊ ဟားခါးတက္ကသိုလ်အသစ် ထပ်မံဖွင့်လှစ်ခဲ့ပြီး စုစုပေါင်း (၁၇၂)ကျောင်းရှိပြီးဖြစ်ပါတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကို ပညာရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းပြီး ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာ ဦးစီးဌာနအောက် တက္ကသိုလ်၊ ကောလိပ်ပေါင်း(၁၃၂)ကျောင်းမှာ ဆရာ၊ ဆရာမပေါင်း (၂၁၁၅၄)ဦး၊ ကျောင်းသား၊ ကျောင်းသူပေါင်း (၈၃၈၄၈၁)ဦး တက်ရောက်ပညာသင်ယူ သင်ကြားနေကြပါတယ်။ အခြားဆက်စပ်ဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်ပေါင်းမှာ (၄၀)ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအရ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တာဝန်ထမ်းဆောင်နေကြသော နည်းပြ၊ သရုပ်ပြများအား လက်ထောက်ကထိကရာထူး တိုးမြှင့်ခန့်ထားခြင်းနှင့် အခြားရာထူးတိုး ပြောင်းရွှေ့ခြင်းတို့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှာ (၁)ကြိမ်၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့မှာ (၁)ကြိမ် ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ထိုသို့ရာထူးတိုးမြှင့်ပေးရာတွင် ၂၀၀၉ ခုနှစ်ခန့် နည်းပြ၊ သရုပ်ပြများကို လုပ်သက်(၃)နှစ်ကျော် ကွာခြားသော ၂၀၁၂ ခုနှစ်ခန့် နည်းပြ၊ သရုပ်ပြများနှင့် အမိန့်ကြော်ငြာစာတစ်စောင်တည်း တစ်ပြေးညီ ရာထူးတိုးမြှင့်ပေးခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ဇယား(၁)၊ အပိုဒ်(၃)ပါ သတ်မှတ်ချက်အရ အနည်းဆုံးလုပ်သက်(၃)နှစ်ရှိသူများ ရာထူးတစ်ဆင့်တိုးမြှင့်ပေးသည်ဟု ပါရှိပါတယ်။ ၂၀၀၉ ခုနှစ်ခန့် ဆရာ၊ ဆရာမများသည် ယခင်နှစ်များအတွင်း ရာထူးတိုး အဆိုပြုလွှာ အကြိမ်ကြိမ်တင်ခဲ့ပြီး၊ အကြိမ်ကြိမ် ရာထူးတိုးပေးခြင်းမရှိဘဲ ယခုတစ်ပြေးညီရာထူးတိုးမြှင့်ပေးခြင်သည် ၂၀၀၉ ခုနှစ်ခန့်သော ဆရာ၊ ဆရာမများ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော (၃)နှစ်တာ အမှုထမ်းသက်ကို လျစ်လျူရှုသလိုဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ အခြားဆက်စပ်ဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများ ရာထူးတိုးချန်လှပ်ခံထားရခြင်း အပါအဝင် ဆရာ၊ ဆရာမများ ရာထူးတိုးမြှင့်ပေးခြင်းသည် မည်သည့်နည်းလမ်း၊ သတ်မှတ်ချက်များဖြင့် တိုးမြှင့်ပေးခြင်းကို သိရှိလိုပါ၍ တက္ကသိုလ် ဆရာ၊ ဆရာမများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တလေးတစား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မွန်ပြည်နယ်၊ ရေးမြို့နယ်မြောက်ပိုင်းရှိ တောင်ဘုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ အန္တရာယ်ရှိ ကျောင်းဆောင်ကို ဖျက်သိမ်း၍ (၁၂၀ ပေ x ၃၀ ပေ) ရှိသည့် RC နှစ်ထပ်ကျောင်းဆောင်တစ်ဆောင် အသစ်ဆောက်လုပ်ပေးရန်နှင့် မော့ကနင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်ဟောင်းကို အကြီးစားပြင်ဆင်မှု ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ က မွန်ပြည်နယ်၊ ရေးမြို့နယ်မြောက်ပိုင်းရှိ တောင်ဘုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ အန္တရာယ်ရှိ ကျောင်းဆောင်ကို ဖျက်သိမ်း၍ (၁၂၀ ပေ x ၃၀ ပေ) ရှိသည့် RC နှစ်ထပ်ကျောင်းဆောင်

တစ်ဆောင် အသစ်ဆောက်လုပ်ပေးရန်နှင့် မော့ကနင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်ဟောင်းကို အကြီးစားပြင်ဆင်မှု ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပညာရေးဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်ဝပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မွန်ပြည်နယ်၊ ရေးမြို့နယ် မြောက်ပိုင်းမှာရှိတဲ့ တောင်ဘုံကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှာ အန္တရာယ်ရှိကျောင်း ဆောင်ကို ဖျက်သိမ်းပြီးတော့ (၁၂၀ ပေ x ၃၀ ပေ) RC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်နှင့် မော့ကနင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်ဟောင်းကို အကြီးစားပြင်ဆင်မှု ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point များဖြင့် အနည်းငယ် ပြသခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဒါတော့ တောင်ဘုံကျောင်းပါ။ တောင်ဘုံကျောင်းကို အမိုးမကောင်းလို့ ပတ်တီးနဲ့ မိုးထားရပါတယ်။ ဒါကတော့ မော့ကနင် က အ.ထ.က ကျောင်းပါ။ ဘေးအကာတွေက ပျက်စီးနေပါတယ်။ ကြမ်းခင်းတွေကလည်း ပြန်ပြီးတော့ ဖာထားရတဲ့ အနေအထားပါ။ ဒါက ဝရန်တာပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဘုံကျေးရွာအုပ်စုဟာ အိမ်ခြေပေါင်း(၁၇၀၀)ဝန်းကျင် ရှိပြီးတော့ တောင်ဘုံ၊ စောကလာ၊ ဝဲနှုန်း၊ ကျောက်တန်းအစရှိတဲ့ ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူပေါင်း (၇၅၀)ဝန်းကျင်တို့ဟာ တောင်ဘုံ အခြေခံပညာ အထက်တန်းကျောင်းမှာ ပညာသင်ကြားနေကြလျက်ရှိပါတယ်။ အဆိုပါ အ.ထ.က တောင်ဘုံကျောင်းဆောင်(၄)ဆောင်ရှိတဲ့အနက်မှာ စံပယ်ဆောင် အမည်ရှိတဲ့ စာသင်ကျောင်းဆောင်ဟာ Power Point မှာပြထားတဲ့အတိုင်းပဲ အန္တရာယ်ရှိ မလုံခြုံတဲ့ ကျောင်းဆောင်ဖြစ်နေတဲ့အတွက် အဆိုပါကျောင်းဆောင်ကို ဖျက်သိမ်းပြီးတော့ (၁၂၀ ပေ x ၃၀ ပေ) RC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးစေလိုပါတယ်ခင်ဗျား။

ထို့အတူပဲ ရေးမြို့နယ်၊ မော့ကနင်ကျေးရွာအုပ်စုမှာရှိတဲ့ မော့ကနင်၊ လမိုင်းရွာသစ်၊ စံပြ-မော့ကနင်၊ ဘေးကလွဲ၊ နှင်းစုံ၊ ဒုံဖီ၊ ဘဲလမု၊ လိမ္မော်ခြံ၊ ဘေးလမိုင်း၊ ခလရ(၁၀၆)၊ ခမရ(၅၈၈)၊ အမတ(၃၁၇)တို့မှ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း (၁၇၆၀)ဝန်းကျင်လောက် အဆိုပါ မော့ကနင်ကျေးရွာ အ.ထ.က ကျောင်းမှာ ပညာသင်ကြားလျက်ရှိပါတယ်။ အဆိုပါ အ.ထ.က မော့ကနင်စာသင်ဆောင်မှာ ဗညားဒလ အမည်ရှိတဲ့ နှစ်ထပ်ကျောင်းဆောင်ဟာ ၁၉၇၂ ခုနှစ်ကတည်းက တည်ဆောက်ခဲ့တဲ့အတွက်ကြောင့် နှစ်ကာလ ကြာရှည်လာသည်နှင့်အမျှ ကြမ်းခင်းများ၊ ဘေးကာများ၊ ဝရန်တာများ၊ အမိုး၊ အကာ စသည်တို့မှာ ဆွေးမြည့်လာပါသဖြင့် အကြီးစားပြင်ဆင်မှု လိုအပ်လျက်ရှိပါတယ်။

ထို့ကြောင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုပါ မော့ကနင်နဲ့ တောင်ဘုံကျေးရွာများရှိ ကျောင်းဆောင်များကို အသစ်ပြန်လည်ဆောက်လုပ်ခြင်း၊ အကြီးစားပြင်ဆင်မှု ဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)


အ-ထ-က (တောင်ဘုံ)ကျောင်း မြင်ကွင်းပုံ (တ)



အ-ထ-က (တောင်ဘုံ)ကျောင်း မြင်ကွင်းပုံ (တ-၁)



အ-ထ-က (မော့ကနင်) ကျောင်း မြင်ကွင်းပုံ (တ-၂)




**ကရင်ပြည်နယ်အတွင်းရှိ ဆရာ၊ ဆရာမအင်အား မလုံလောက်သည့် စာသင်ကျောင်းများတွင် နေ့စားလပေး ဆရာ၊ ဆရာမများ ထပ်မံခန့်အပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ရှိပါက ဒေသခံပြည်သူလူထု၏ ဆန္ဒအတိုင်း ဘွဲ့ရရှိသူများအပြင် ဘွဲ့မရရှိသေးသည့် ဒေသခံအစစ်များကို ဦးစားပေးရွေးချယ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး က ကရင်ပြည်နယ်အတွင်းရှိ ဆရာ၊ ဆရာမအင်အား မလုံလောက်သည့် စာသင်ကျောင်းများတွင် နေ့စားလပေး ဆရာ၊ ဆရာမများ ထပ်မံခန့်အပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ရှိပါက ဒေသခံပြည်သူလူထု၏ ဆန္ဒအတိုင်း ဘွဲ့ရရှိသူများအပြင် ဘွဲ့မရရှိသေးသည့် ဒေသခံအစစ်များကို ဦးစားပေး ရွေးချယ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နန်းမိုးမိုးထွေး ဖြစ်ပါတယ်ရှင်။ ဒီကနေ့ ကျွန်မ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနကို မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ဆရာ၊ ဆရာမအင်အား မလုံလောက်တဲ့ စာသင်ကျောင်းတွေမှာ နေ့စား လပေး ဆရာ၊ ဆရာမများ ထပ်မံခန့်အပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ရှိခဲ့ပါက ဒေသခံပြည်သူလူထုရဲ့

ဆန္ဒအတိုင်း ဘွဲ့ရရှိပြီးသူများဖြစ်စေ၊ ဘွဲ့မရရှိသေးသည့်သူများဖြစ်စေ၊ ဒေသခံအစစ်များကို ဦးစားပေး ရွေးချယ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်ရှင်။ ဒီမေးခွန်းဟာ ကျွန်မရဲ့ မဲဆန္ဒနယ် ကရင်ပြည်နယ်ကို အခြေခံထားပေမယ့် ဝေးလံခေါင်သီတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အားလုံး အကျုံးဝင်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ကျေးလက်ဒေသတွေနဲ့ အချို့ မြို့ပေါ်ရပ်ကွက်ရှိ စာသင်ကျောင်းတွေမှာ ဆရာ၊ ဆရာမအင်အား လုံလောက်မှုမရှိတာကို တွေ့မြင် ကြားသိနေရမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသမှာ လိုအပ်ချက် ပိုပြီးတော့များပါတယ်။ ကျွန်မတို့ရဲ့ မြို့နယ်မှာဆိုရင် ပညာရေး ဝန်ထမ်း(၂၉၁၉)ဦး ခွဲဝေရရှိရမှာဖြစ်သော်လည်းပဲ (၂၃၆၂)ဦးပဲ ခန့်ထားနိုင်တာကို မြို့နယ်ရဲ့ (၇)လပိုင်း ၂၀၁၆ ဝန်ထမ်းအင်အားစာရင်းအရ သိရှိရပါတယ်။ ဒီ စက်တင်ဘာလနဲ့ အောက်တိုဘာလတွေမှာလည်း ထပ်မံပြီးတော့ ခန့်အပ်ပေးတယ်လို့လည်း ကြားသိရပါတယ်။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်မှာ ၁-၇-၂၀၁၆ ရက်နေ့က အခြေခံပညာဦးစီးဌာနကနေပြီးတော့ နေ့စားလပေးများ ခန့်အပ်ခဲ့ရာမှာ ဘွဲ့ ရရှိပြီးသူတွေကိုပဲ ရွေးချယ်ပြီးတော့ ခန့်အပ်ခဲ့တဲ့အတွက် ကျွန်မတို့မြို့နယ်ရဲ့ (၁၃၇)ဦးအနက်က (၈၇)ဦးပဲ မြို့ခံ၊ ဒေသခံများဖြစ်ပြီးတော့ ကျန်(၅၀)ဦးကကျတော့ အခြားမြို့နယ်ကဖြစ်ပါတယ်။ (၉၈)ဦးပဲ အလုပ် ဝင်ရောက်မှုရှိပြီးတော့ (၃၉)ဦးမှာ အကြောင်းအမျိုးမျိုးကြောင့် အလုပ်ဝင်ရောက်နိုင်ခြင်း မရှိပါဘူး။ အဲဒီ အလုပ်ဝင်ရောက်နိုင်ခြင်းမရှိတဲ့သူတွေကိုကြည့်မယ်ဆိုရင် များသောအားဖြင့် တခြားမြို့နယ်က ဖြစ်ပါတယ်။ တခြားမြို့နယ်ကလာတဲ့ ဆရာ၊ ဆရာမတွေ၊ တခြားတိုင်းနဲ့ ပြည်နယ်မှ လာရောက်တာဝန် ထမ်းဆောင်တဲ့ ဆရာ၊ ဆရာမတွေဟာဆိုလို့ရှိရင် ကိုယ့်ရပ်၊ ကိုယ့်ရွာမှာပဲ ပြန်ပြီးတော့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်နိုင်ဖို့ကိုပဲ ကြိုးစားနေကြတာကိုပဲ တွေ့ရပါတယ်။

အဲဒါကလည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့ဟာမို့လို့ အပြစ်မပြောလိုပါဘူး။ ကျေးလက်တောရွာမှာ ရှိတဲ့ စာသင်ကျောင်းတွေမှာ စာသင်တဲ့အတွေ့အကြုံမရှိတဲ့ နေ့စားလပေး ဆရာ၊ ဆရာမတွေနဲ့ပဲ ပညာ သင်ယူနေရခြင်း၊ ဆရာ၊ ဆရာမ အပြောင်းအရွှေ့များခြင်း၊ ပြောင်းရွှေ့သွားတဲ့ ဆရာ၊ ဆရာမနေရာအစား ချက်ချင်းပြန်ပြီးတော့ အစားထိုးမပေးနိုင်ခြင်း၊ ဆရာ၊ ဆရာမအင်အားနဲ့ ကျောင်းသားအင်အား မျှတမှု မရှိခြင်း၊ မလုံလောက်ခြင်း စတာတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ကျေးလက်တောရွာတွေမှာ ဘွဲ့ရသူ တွေလည်း ရှားပါတယ်။ ဘွဲ့ရပြီးတဲ့သူဖြစ်စေ၊ ဘွဲ့မရသေးတဲ့သူဖြစ်စေ၊ ကျေးရွာတွေကတော့ တကယ့် ကိုယ့်ကျေးရွာအပေါ် စေတနာထားနိုင်တဲ့ ဆရာ၊ ဆရာမတွေကိုပဲ လိုလားလျက်ရှိကြပါတယ်။ အကြောင်း ရင်းကတော့ ကိုယ့်ရွာခံ၊ ဒေသခံဆိုရင် နေရေးထိုင်ရေးအတွက်လည်း စိတ်မပူရဘူး။ ကိုယ့်ရပ်ရွာမှာ မပျော်ပိုက်မှာကိုလည်း စိုးရိမ်ပူပန်စရာ မလိုဘဲနဲ့ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံလို့ ရတာကြောင့်ပဲ ဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်မှာဆိုရင် ကျောင်းသားဦးရေ (၁၀၀) ကျော်ရှိတဲ့ မူလတန်းကျောင်း(ခွဲ) တချို့တွေမှာ ဆရာ၊ ဆရာမ (၂)ဦးပဲ ခန့်ထားပေးပြီးတော့၊ ကျောင်းသား ဦးရေ (၃၀)ကျော်ဝန်းကျင်လောက်သာရှိတဲ့ကျောင်းတွေမှာ တချို့ကျောင်းတွေမှာဆိုရင် ဆရာ၊ ဆရာမ အင်အားကို အပြည့်၊ ခွဲဝေအင်အားအပြည့် (၆)ဦး၊ ဒါမှမဟုတ် (၅)ဦးအပြည့် ခန့်ထားတာကိုလည်း တွေ့နေရပါတယ်။ ဒါ ကျွန်မ ရမ်းပြီးတော့ ပြောနေတာလည်းမဟုတ်ပါဘူး။ ကျွန်မမှာ စာရင်းဇယား

အတိအကျရှိပါတယ်။ အဲဒါတွေကို ပြန်လည်ပြီးတော့၊ သေချာစိစစ်ပြီး တရားမျှတစွာ ပြန်လည် ခွဲဝေ ခန့်ထားနိုင်ခြင်း ရှိ/မရှိကိုလည်း သိရှိလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ နောက်ဆုံးအနေနဲ့ မေးမြန်း လိုတာက ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ဆရာ၊ ဆရာမအင်အားလုံလောက်မှု မရှိတဲ့ စာသင်ကျောင်း တွေမှာ လာမယ့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အမီ နေ့စားလပေး ဆရာ၊ ဆရာမများ ထပ်မံခန့်အပ်ပေး နိုင်ခြင်း ရှိ/မရှိနဲ့ ရှိခဲ့ပါသော်လည်း ဒေသခံပြည်သူလူထုရဲ့ ဆန္ဒအတိုင်း ဘွဲ့ရရှိပြီးသူများအပြင် ဘွဲ့မရ သေးသည့် ဒေသခံအစစ်များကိုလည်း ဦးစားပေးရွေးချယ်ပေးဖို့ ရှိ/မရှိ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်း အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူး တင်ပါတယ်ရှင်။ (သြဘာသံများ)

**မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ အန္တရာယ်ရှိကျောင်းဆောင်၊ ဥပဓိရုပ် မကောင်းသည့် ကျောင်းဆောင်နှင့် တိုးချဲ့ကျောင်းဆောင်များအား အသစ်ပြန်လည် တည်ဆောက်ပေးခြင်း၊ တိုးချဲ့ တည်ဆောက်ပေးခြင်းတို့ ဆောင်ရွက်ပေးရန်နှင့် လစ်လပ်လျက်ရှိသော ဆရာ၊ ဆရာမများအား ပြန်လည် အစားထိုးခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဒွေး က မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ အန္တရာယ်ရှိကျောင်းဆောင်၊ ဥပဓိရုပ် မကောင်းသည့် ကျောင်းဆောင်နှင့် တိုးချဲ့ကျောင်းဆောင်များအား အသစ်ပြန်လည် တည်ဆောက်ပေးခြင်း၊ တိုးချဲ့တည်ဆောက်ပေးခြင်း တို့ကို ဆောင်ရွက်ပေးရန်နှင့် လစ်လပ်လျက်ရှိသော ဆရာ၊ ဆရာမများအား ပြန်လည်အစားထိုး ခန့်ထား ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးလင်းတင်ဒွေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဒွေး ဖြစ်ပါ တယ်။ ကျွန်တော် မေးမြန်းမယ့် အကြောင်းအရာကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ အန္တရာယ်ရှိကျောင်းဆောင်တွေ၊ ဥပဓိရုပ် မကောင်းတဲ့ကျောင်းဆောင်တွေ၊ တိုးချဲ့ကျောင်းဆောင်တွေ ကို အသစ်ပြန်လည်တည်ဆောက်ပေးရန်နှင့် လစ်လပ်လျက်ရှိသော ဆရာ၊ ဆရာမများအင်အားအား ပြန်လည်အစားထိုးဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းအား လေးစားစွာ မေးမြန်းသွား မှာပဲ ဖြစ်ပါတယ်။ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး တည်ဆောက်အံ့ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မျက်မှောက်ခေတ်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေကြသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ပေါ်ထွန်းလာစေရန်ဆိုတဲ့ မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့်အညီ ပညာရေးဌာနမှ ကြိုးစားဆောင်ရွက် နေတာကို တွေ့ရှိရတဲ့အတွက်ကြောင့်မို့လို့လည်း ကျွန်တော့်အနေနဲ့ အရမ်းကို ဝမ်းသာပီတိ ဖြစ်မိ

ပါတယ်။ သို့သော်ငြားလည်း ကျွန်တော့်ရဲ့ချောင်းဆုံမှာ အခြေခံအဆောက်အဦလိုအပ်ချက်များ ရှိနေသေးသည့်အတွက်ကြောင့်မို့လို့ အခုလို ဆွေးနွေးတင်ပြရခြင်းလည်း ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ချောင်းဆုံမြို့နယ်မှာ အထက်တန်းကျောင်း(၆)ကျောင်းရှိပြီး အထက်တန်းကျောင်း(ခွဲ) (၆)ကျောင်းရှိပါတယ်။ အလယ်တန်းကျောင်း(၄)ကျောင်းရှိပြီး အလယ်တန်းကျောင်း(ခွဲ) (၅)ကျောင်းရှိပါတယ်။ မူလတန်းကျောင်းကတော့ (၇၉)ကျောင်းရှိပြီး မူလွန်ကျောင်း (၁၁)ကျောင်းရှိပါတယ်။ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၁၁၁)ကျောင်းရှိသည့်အနက် အန္တရာယ်ကျောင်းဆောင်တွေဖြစ်တဲ့ အ.မ.က အပြိုင်၊ အ.မ.က မရမ်း၊ အ.မ.က ရွာလွတ်(၄)၊ အ.မ.က (မူလွန်)ဇီးကုန်း၊ အ.လ.က (ကွမ်လှ)တို့မှာ အန္တရာယ်ကျောင်းဆောင်တွေဖြစ်သလို အ.လ.က (နှီးမှုတ်)၊ အ.မ.က (ဇီးကုန်းသစ်)၊ အ.မ.က (ဒရယ်)၊ အ.မ.က (ပလဝမ်း)နှင့် မူလွန်(မြို့မ)တို့မှာ ဥပဓိရုပ် မကောင်းတဲ့ကျောင်းဆောင်တွေပဲ ဖြစ်သလို အ.မ.က (တော်ပကောက်)၊ အ.လ.က (ခွဲ)ဒေါင်းရပ်၊ အ.မ.က မူလွန်(မုရစ်ကြီး)၊ အ.မ.က(မုရစ်ကလေးအရှေ့)တို့မှာ တိုးချဲ့ကျောင်းဆောင်တွေ ဖြစ်သည်နှင့်အညီ အဆိုပါ အန္တရာယ်ကျောင်းဆောင်တွေ၊ ဥပဓိရုပ် မကောင်းတဲ့ကျောင်းဆောင်တွေ၊ တိုးချဲ့ကျောင်းဆောင်တွေဟာ အမှန်တကယ်ပဲ လိုအပ်ချက်ရှိနေတာကို ကျွန်တော့်အနေနဲ့ လွှတ်တော်ရပ်နားတဲ့အခိုက်အတန့်လေးမှာ ကွင်းဆင်းလေ့လာ သိရှိခဲ့ရပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ချောင်းဆုံမြို့နယ်မှာ ခွင့်ပြု ဆရာ၊ ဆရာမအင်အား (၁၁၇၁)ဦးရှိသည့်အနက် ခန့်ထားနိုင်မှုအခြေအနေမှာ (၁၁၃၇)ဦးသာ ရှိနေတဲ့အတွက်ကြောင့်မို့လို့ (၃၄)ဦး ဆရာ၊ ဆရာမ လစ်လပ်လျက်ရှိပါတယ်။

ကျွန်တော့်ရဲ့ ချောင်းဆုံမြို့နယ်ကို တခြားမြို့နယ်နည်းတူ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျောင်းသားအချိုးအစားနဲ့ ဆရာ၊ ဆရာမအချိုးအစား ညီမျှမှုရှိဖို့ကိုလည်း အရမ်းကို လိုအပ်လျက်ရှိနေတာဖြစ်ပါတယ်။ အခုလို ဆရာ၊ ဆရာမအင်အား လစ်လပ်လျက်ရှိနေပါက ကျောင်းသူ၊ ကျောင်းသားတွေရဲ့ စာသင်ကြားမှုဟာ အဟန့်အတားဖြစ်နေနိုင်သလို ကျောင်းသူ၊ ကျောင်းသားတွေရဲ့ အောင်ချက်ရာခိုင်နှုန်းကိုလည်း ထိခိုက်လာနိုင်ပါတယ်။ သို့ဖြစ်ပါ၍ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ချောင်းဆုံမြို့နယ်အတွင်း အန္တရာယ်ကျောင်းဆောင်တွေ၊ ဥပဓိရုပ်မကောင်းတဲ့ကျောင်းဆောင်တွေနဲ့ တိုးချဲ့ကျောင်းဆောင်တွေကို အသစ်ပြန်လည် တည်ဆောက်ပေးရန်နှင့် လစ်လပ်လျက်ရှိသော ဆရာ၊ ဆရာမ အင်အားအား ပြန်လည်အစားထိုး ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့မေးခွန်းအား ချောင်းဆုံမြို့နယ် ပြည်သူကိုယ်စား လေးစားစွာ မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**မြန်မာနိုင်ငံတစ်ဝန်းတွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးများစွာ အမှတ်ပေါင်းများစွာဖြင့် အောင်မြင်ခဲ့သော်လည်း မိမိအရည်အချင်းနှင့်ကိုက်ညီ၍ မိမိဝါသနာပါရာ အဆင့်မြင့်တက္ကသိုလ်များသို့ မတက်ရောက်နိုင်သော အလွန်ဆင်းရဲသည့် တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ သားသမီးများအား နိုင်ငံတော်မှ ပညာသင်စရိတ် ထောက်ပံ့ကြေး (Stipend) ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လက်ရှိဆောင်ရွက်ပေးနေသော ပညာသင်ဆုကြေး (Scholarship) ပမာဏနှင့် အရေအတွက်တို့ကို တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် က မြန်မာနိုင်ငံတစ်ဝန်းတွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးများစွာ အမှတ်ပေါင်းများစွာဖြင့် အောင်မြင်ခဲ့သော်လည်း မိမိအရည်အချင်းနှင့်ကိုက်ညီ၍ မိမိဝါသနာပါရာ အဆင့်မြင့်တက္ကသိုလ်များသို့ မတက်ရောက်နိုင်သော အလွန်ဆင်းရဲသည့် တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ သားသမီးများအား နိုင်ငံတော်မှ ပညာသင်စရိတ် ထောက်ပံ့ကြေး(Stipend) ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လက်ရှိဆောင်ရွက်ပေးနေသော ပညာသင်ဆုကြေး (Scholarship) ပမာဏနှင့် အရေအတွက်တို့ကို တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြွယ်ကြွယ် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ မိဘများက ဆင်းရဲနွမ်းပါးကြသော်လည်း ဂုဏ်ထူး(၅)ဘာသာ၊ (၆)ဘာသာ အောင်မြင်ကြပြီး အမှတ်ပေါင်းများစွာရရှိသော ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများစွာ ပေါ်ထွက်ခဲ့ပါတယ်။

ဥပမာအားဖြင့် ကျွန်တော်တို့ တောင်သာမြို့နယ်မှာ တစ်နေ့လျှင် လုပ်အားခ (၂၀၀၀)ကျပ်မျှသာရတဲ့မိခင်ကို မှီခိုနေရတဲ့ကျောင်းသားတစ်ဦးဟာ ဂုဏ်ထူး(၆)ဘာသာထွက်ပြီး အမှတ်ပေါင်း (၅၂၉)မှတ် ရရှိပါတယ်။ မြိုင်မြို့နယ်က ထန်းတက်လုပ်သားတစ်ဦးရဲ့ သမီးတစ်ဦးဟာလည်း (၆) ဘာသာဂုဏ်ထူးထွက်ပြီး (၅၃၁)မှတ်ရအောင် ထူးချွန်စွာ အောင်မြင်ခဲ့ပါတယ်။ အဲဒီလို အောင်မြင်ခဲ့တဲ့ ကျောင်းသူ၊ ကျောင်းသားများ ဥပမာပေးစရာ မြန်မာနိုင်ငံတစ်ဝန်းမှာ အများကြီးပေါ်ထွက်ခဲ့ပါတယ်ခင်ဗျား။ သူတို့ဟာ အမှတ်ပေါင်းများစွာဖြင့် အောင်မြင်ကြသော်လည်း မိဘများက ဆင်းရဲနွမ်းပါးလှသဖြင့် မိမိတက်ရောက်လိုသောတက္ကသိုလ်သို့ ဆက်လက်တက်ရောက် ပညာသင်ယူရေး ပူပင်ကြောင့်ကြသောကရောက်ပြီး မပျော်ရွှင်နိုင်ကြပါဘူးခင်ဗျား။ ကံကောင်းသူတချို့ကတော့ တစ်သီးပုဂ္ဂလစေတနာရှင်များ၊ ပရဟိတအသင်းများ၊ ဖောင်ဒေးရှင်းများ၏ အကူအညီများရရှိ၍ ပညာ ဆက်လက်

သင်ယူနိုင်ကြပါတယ်။ ဒါဟာ အားလုံးအတွက်နဲ့ ရေရှည်အတွက် အဆင်ပြေနိုင်စေမယ့်အဖြေ မဟုတ်ပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေဖြင့် ဤကဲ့သို့ ထူးချွန်၍ ဆင်းရဲနွမ်းပါးသော ကျောင်းသား၊ ကျောင်းသူများ ပညာဆက်လက် သင်ယူနိုင်ရေးကို ကူညီထောက်ပံ့ တာဝန်ယူသင့်တယ်လို့ ယူဆပါတယ်ခင်ဗျာ။ လေ့လာသိရှိရသလောက် တင်ပြရမယ်ဆိုရင် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနအောက်မှာရှိတဲ့ ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်များအားလုံးမှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး (Stipend) ခံစားခွင့်ရရှိသူ(၄၉)ဦး ရှိပါတယ်။ တစ်ဦးလျှင် တစ်လကို(၃၀၀၀၀)ကျပ်နှုန်းဖြင့် ပညာသင်နှစ်တစ်ခု တစ်နှစ်စာ (၁၀)လ ရရှိပါတယ်။ အဲဒီထောက်ပံ့ငွေပမာဏဟာ တကယ်တော့ တက္ကသိုလ်ကျောင်းသားတစ်ဦး ပညာသင်စရိတ်ရဲ့ အလွန်နည်းပါးတဲ့ အစိတ်အပိုင်းကိုသာ ကူညီဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံတော်အနေနဲ့ အဲဒီ ကျောင်းသား(၄၉)ဦးအတွက် တစ်နှစ် အသုံးပြုကျခံတဲ့ငွေဟာ (၁၄၇)သိန်းသာ ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာသင်ဆု (Scholarship)နဲ့ ပတ်သက်လို့ တင်ပြရမယ်ဆိုလို့ရှိရင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် အမှတ်အများဆုံးရရှိတဲ့သူတွေကို သက်ဆိုင်ရာတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသူများကို တစ်လလျှင် (၁)သိန်း ချီးမြှင့်ပါတယ်ခင်ဗျား။ အဲဒီမှာ သိပ္ပံဘာသာတွဲမှာ ပညာသင်ဆုရရှိသူ(၁၄)ဦးနဲ့ ဝိဇ္ဇာဘာသာတွဲမှာ ပညာသင်ဆုရရှိသူ(၁၀)ဦး၊ စုစုပေါင်း(၂၄)ဦးကို အဆင့်မြင့်ပညာဦးစီးဌာနရဲ့ စာရင်းဇယားအရ သိရှိရပါတယ်ခင်ဗျား။ အဲဒီ (၂၄)ဦးကို ချီးမြှင့်တဲ့ငွေပမာဏဟာ လစဉ် (၁)သိန်းနဲ့ ပညာသင်နှစ်တစ်နှစ်အတွက် (၁၀)လစာ (၁၀)သိန်း၊ နောက် ပဏာမပြင်ဆင်စရိတ် (၁)သိန်း စုစုပေါင်း (၁၁)သိန်းကျပ်ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်အနေနဲ့ အဲဒီလို ဆုချီးမြှင့်တဲ့ စုစုပေါင်းကုန်ကျငွေဟာ (၂၆၄)သိန်းမျှသာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝသယံဇာတများကို ထုတ်ယူရောင်းချတဲ့ စီးပွားရေးအခြေခံကနေ လူသားအရင်းအမြစ်ကိုအခြေခံတဲ့ စီးပွားရေးစနစ်ကို ပြောင်းလဲရာမှာ ပညာရေးဟာ အဓိကအကျဆုံး၊ ပဓာနအကျဆုံး ဖြစ်ပါတယ်။ ပညာရေးဟာ ကမ္ဘာကြီးကိုပင် ပြောင်းလဲပစ်ရန် အသုံးဝင်သောစွမ်းအားအကြီးဆုံးသောလက်နက် ဖြစ်တယ်လို့ ဆိုရိုးစကားရှိပါတယ်။ ကျွန်တော်တို့လို ပြုပြင်ပြောင်းလဲရန်ကြိုးပမ်းနေတဲ့နိုင်ငံအတွက်ဆိုလျှင် ပညာရေးကို နိုင်ငံတော်က အထူးတလည်အားပေးထောက်ပံ့ရန် အထူးလိုအပ်လှပါတယ်ခင်ဗျား။ နိုင်ငံတော်က ပညာသင်ထောက်ပံ့ကြေးနဲ့ ပညာသင်ဆုများ တိုးမြှင့်ပေးခြင်းဖြင့် လူငယ်၊ လူရွယ်များဟာ ပညာရေးကို တန်ဖိုးထားပြီး ပညာကိုကြိုးစားသင်ယူလိုသူများတိုးပွားကာ ပညာက လွှမ်းမိုးသော၊ ပညာက ဦးဆောင်သော လူ့အဖွဲ့အစည်း နိုင်ငံတော်ကြီးကိုပြောင်းလဲတည်ဆောက်နိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များကိုလည်းတိုးပွားစေမှာ ဖြစ်ပါတယ်။ ပညာက လွှမ်းမိုးမှု၊ ပညာက ဦးဆောင်မှုသာ ငြိမ်းချမ်းသော၊ စည်ပင်သောလူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုသည်မှာ မြန်မာနိုင်ငံတစ်ဝန်းတွင် တက္ကသိုလ်ဝင်တန်းအား ဂုဏ်ထူးများစွာ၊ အမှတ်ပေါင်းများစွာဖြင့် အောင်မြင်ခဲ့သော်လည်း မိမိအရည်အချင်းနှင့် ကိုက်ညီ၍ မိမိဝါသနာပါရာ အဆင့်မြင့်တက္ကသိုလ်များသို့ မတက်ရောက်နိုင်သော အလွန်ဆင်းရဲသည့် တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ သားသမီးများဟာ နိုင်ငံတော်မှ ပညာသင်စရိတ်ထောက်ပံ့ကြေး (Stipend) ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လက်ရှိပေးနေသော ပညာသင်ဆု (Scholarship) ပမာဏ အရေအတွက်တို့ကို တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ဦးချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၇။**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကိုကိုနိုင် ရဲ့ မေးခွန်းဖြစ်တဲ့ ဝေးလံခေါင်သီသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တက္ကသိုလ်ဝင်စာမေးပွဲကို အထိုက်အလျောက် ထူးချွန်အောင်မြင်ခဲ့သူများကို အဆင့်မြင့်တက္ကသိုလ်များတွင် တက်ရောက် ပညာသင်ကြားရေး၊ တစ်နိုင်ငံလုံး လွှမ်းခြုံသတ်မှတ်ထားသည့် တက္ကသိုလ်ဝင်ခွင့်အမှတ်များကို လျှော့ပေါ့ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ၎င်းဒေသများမှ တက္ကသိုလ်ဝင်စာမေးပွဲကို သာမန် အောင်မြင်ခဲ့သူများအား ကျန်းမာရေးမှူး၊ သူနာပြု၊ သားဖွားသင်တန်းကျောင်းများသို့ တက်ရောက်ပညာ သင်ကြားလိုပါက တက်ရောက်နိုင်ရန် နိုင်ငံတော်အစိုးရမှ စီမံချက်များ ချမှတ်အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များသို့ တက်ရောက်ရန်အတွက် တက္ကသိုလ်ဝင်ခွင့်အမှတ်များကို ကန့်သတ်ထားရှိခြင်း မရှိပါကြောင်း ရှေးဦးစွာ တင်ပြအပ်ပါတယ်။ သက်ဆိုင်ရာတက္ကသိုလ်၏ အထူးပြုဘာသာအလိုက် သတ်မှတ်ဦးရေအရ ကျောင်းသားဦးရေကို ဝင်ခွင့်ပြု သင်ကြားပေးလျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရည်မြင့်မားရေးအတွက် ဘက်စုံ၊ ထောင့်စုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ဖွံ့ဖြိုးမှုနောက်ကျပြီး ဝေးလံခက်ခဲသည့်ဒေသများမှ အဆင့်မြင့်ပညာရပ်များကို လေ့လာသင်ယူနိုင်ရန် ရည်ရွယ်၍ ကောလိပ်

များ၊ ဒီဂရီကောလိပ်များကို တက္ကသိုလ်အဖြစ် အဆင့်မြှင့်ပြီး သိပ္ပံနှင့် ဝိဇ္ဇာဘာသာရပ်များကို တိုးမြှင့်သင်ကြားပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် သင်ကြားရေး ဆရာ၊ ဆရာမများအဖြစ် ပါရဂူဘွဲ့ရ ဆရာ၊ ဆရာမများ ဖြည့်ဆည်းပေးခြင်းဖြင့် သင်ကြားရေးတွင် ပိုမိုထိရောက်စေရန် ဆောင်ရွက်လျက်ရှိပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနသည် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ မွေးထုတ်ပေးရေး၊ သုနာပြုပညာဖွံ့ဖြိုးရေး၊ အခြေခံကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ရေးဟူ၍ လုပ်ငန်းများကို စီမံချက် စနစ်တကျချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နဲ့အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးကို ရှေးရှု၍လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကြီးများ (၆)ခုဖြစ်သည့် နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်နှင့် 'ဝ' နဲ့ နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍လည်းကောင်း၊ ဆေးပညာကို အမှန်တကယ်ဝါသနာပါပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ပြန်လည်ထမ်းဆောင်နိုင်ပြီး အရည်အသွေးပြည့် ဆေးပညာရှင် ဆရာဝန်ကောင်းများ ပေါ်ထွန်းလာစေရေးအတွက်လည်းကောင်း၊ အဆိုပါဒေသများမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ပြီးသူများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနရှိ ဆေးတက္ကသိုလ်များသို့ ပညာသင်ကြားခွင့်ရရှိရေးအတွက် သတင်းစာများတွင် သတ်မှတ်ချက်နဲ့ ကိုက်ညီသူများအား ဝင်ခွင့်လျှောက်လွှာခေါ်ယူ ဆောင်ရွက်ခဲ့ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အဆိုပါစနစ်ကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်မှာ ဖွံ့ဖြိုးမှုနည်းပါးသောဒေသများမှ ကျောင်းသူ၊ ကျောင်းသားများ ဆေးပညာသင်ကြားရေး အခွင့်အလမ်းပိုမိုရရှိရန် ရည်ရွယ်ချက်အနေဖြင့် ပါရှိပါတယ်။ ထို့ကြောင့် ဆေးတက္ကသိုလ်များသို့ ပညာသင်ကြားခွင့်ရရှိရေးလျှောက်ထားရာတွင် လိုအပ်သောအရည်အချင်း သတ်မှတ်ချက်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ သွားလာမှုခက်ခဲသောဒေသများမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သူဖြစ်ရန်နဲ့ ၎င်းဒေသများတွင် အနည်းဆုံး(၃)နှစ် ဆက်တိုက်နေထိုင်သူဖြစ်ရန်ဟု သတ်မှတ်ချက်များတွင် ထည့်သွင်းဖော်ပြထားသင့်ကြောင်း တင်ပြပါတယ်။

ထိုသို့ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မူလဝင်ခွင့်သို့ ကျောင်းသားဦးရေ (၃)ရာခိုင်နှုန်းထက်မပိုသော တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသည့် အဆိုပါဒေသများမှ ကျောင်းသူ၊ ကျောင်းသားများကို ဆေးတက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးစနစ်ဖြင့် ရွေးချယ်သည့် ဝင်ခွင့်ပြုအနိမ့်ဆုံးရမှတ်အောက်ကို လျှော့ပေါ့၍ အထူးကိစ္စရပ်အဖြစ် စိစစ်ရွေးချယ်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ထိုသို့ ဆောင်ရွက်ပေးမှုကြောင့် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခုနှင့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများမှ ဆေးတက္ကသိုလ် တက်ရောက်ခွင့်ရရှိသည့် ကျောင်းသားဦးရေမှာ (၁၇၉)ဦးရှိပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး)တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အခြေခံကျန်းမာရေးသိပ္ပံဘွဲ့ ခေါ်ယူမှုနဲ့ စပ်လျဉ်း၍ လက်ရှိကျင့်သုံးနေသော တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ ယခင် (၁၅၀)ဦးလက်ခံရာမှ ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ(၂၀၀)အထိ တိုးမြှင့်လက်ခံသင်ကြားပေးခဲ့ပါတယ်။ သို့သော် လက်ရှိအချိန်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခုနှင့် သွားလာရေးခက်ခဲသောဒေသများမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအား အဆိုပါ သင်တန်းအတွက် အထူးကိစ္စရပ်အနေဖြင့် တက္ကသိုလ်ဝင်ခွင့်ခေါ်ယူရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လောလောဆယ်အစီအစဉ် မရှိသေးပါဟု သိရှိရပါကြောင်း တင်ပြအပ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနသည် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှစ၍ ယခုအချိန်အထိ သူနာပြုသင်တန်းနဲ့ သားဖွားသင်တန်းသို့ တက်ရောက်ရန် ဝင်ခွင့်ရွေးချယ်ရခြင်းကို လျှောက်ထားသူ၏ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရမှတ်ဖြင့် စိစစ်ရွေးချယ်သည့်စနစ် ကျင့်သုံးခဲ့ကြောင်း သိရှိရပါတယ်။ ထိုသို့ အမှတ်ဖြင့် စိစစ်ရွေးချယ်ရာတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီး မည်သည့်ဘာသာတွဲနှင့်မဆို မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ (၃)ဘာသာရမှတ်ပေါင်းကို အနည်းအများစိစစ်လျက် စာမေးပွဲအောင်မြင်သည့် စာစစ်ဌာနများတည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သူနာပြုသင်တန်းနဲ့ သားဖွားသင်တန်းကျောင်း၏ လက်ခံနိုင်သော သင်တန်းသားဦးရေအရ စိစစ်ရွေးချယ်ခဲ့တာကို သိရှိရပါတယ်။ ၎င်းအပြင် အထူးကိစ္စရပ်အနေဖြင့် ရွေးချယ်ရာတွင် သတ်မှတ်သောအရည်အချင်းပြည့်မီပြီး ရမှတ်မမီသော်လည်း ဒေသလိုအပ်ချက်အရ သင့်တော်သူများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများမှ စိစစ်ရွေးချယ်ပေးခဲ့ခြင်းကို လက်ခံသင်ကြားပေးပါကြောင်း တွေ့ရှိရပါတယ်။

ဒေသလိုအပ်ချက်အရ ဝေးလံခေါင်ဖျားဒေသများမှ ပြည်သူလူထု၏ တင်ပြချက်များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ဒေသ၏လိုအပ်ချက်အရ ရွေးချယ်ပေးသူများမှ သူနာပြုသင်တန်းနဲ့ သားဖွားသင်တန်းကျောင်း(၁)ကျောင်းက လက်ခံနိုင်သည့်ဦးရေ၏ (၅)ရာခိုင်နှုန်းမှ (၁၀)ရာခိုင်နှုန်းအထိကို အထူးကိစ္စရပ်အနေဖြင့် ရွေးချယ်သင်ကြားခွင့်ပြုသည်ကို တွေ့ရှိရပါတယ်။ သူနာပြုသင်တန်းနဲ့ သားဖွားသင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်းများကို နှစ်စဉ် နေ့စဉ်ထုတ်မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများမှ တရားဝင်ကြေညာ လျှောက်လွှာခေါ်ယူလျက်ရှိပါကြောင်း တင်ပြပါတယ်။

သို့ဖြစ်ပါ၍ သူနာပြု၊ သားဖွား ဒီပလိုမာ (၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သူနာပြုသင်တန်းနဲ့ သားဖွားသင်တန်းကျောင်းများတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အောင်မြင်သူများကို ၎င်းတို့နေထိုင်ရာဒေသအတွင်း၌ အလုပ်ခန့်ထားပေးပါကြောင်းနှင့် ၎င်းဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ချဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းဖြစ်သည့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ရဲ့ မေးခွန်းဖြစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ လက်ထောက်ကထိက ရာထူးတိုးမြှင့်ရာတွင် မည်သည့် နည်းလမ်း၊ သတ်မှတ်ချက်များဖြင့် ရာထူးတိုးမြှင့်ပေးခြင်းကို သိရှိလိုပါကြောင်း မေးခွန်းနှင့် စပ်လျဉ်းပြီး ရှင်းလင်း တင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ကို ပူးပေါင်းပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ပြင်ဆင်ဖွဲ့စည်းမှုများနှင့်အတူ ဝန်ကြီးဌာန၏ မူဝါဒများ တစ်ပြေးညီဖြစ်စေရေးအတွက် ကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး ရာထူးတိုးမြှင့်ခြင်း၊ ရာထူးနေရာ ပြောင်းရွှေ့ခြင်းတို့အတွက် နိုင်ငံ့ ဝန်ထမ်းဥပဒေ၊ တည်ဆဲနည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် လက်ထောက်ကထိက ရာထူးတိုးမြှင့်ပေးသည့် အမိန့်ကြော်ငြာစာ ဆောင်ရွက်ခဲ့သော်လည်း အဆင့်မြင့်ပညာဦးစီးဌာနအနေ ဖြင့် ရာထူးတိုးဖွဲ့စည်းပုံရရှိရေးအတွက် ဝန်ကြီးဌာန(၂)ခု မပေါင်းစပ်မီ ယခင်အစိုးရလက်ထက်က ကြိုတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာ ဦးစီးဌာနအနေဖြင့် တက္ကသိုလ်၊ ကောလိပ်များရှိ နည်းပြ၊ သရုပ်ပြများ၏ ရာထူးတိုးမြှင့်ရေးကို ၃၁-၁-၂၀၁၆ ရက်နေ့တွင် သာမန်လုပ်သက်ကာလအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ရာထူးတိုးမြှင့်ခြင်းကိစ္စကို ၁၉-၂-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၆)၏ သဘောတူညီချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့သို့ တင်ပြခဲ့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရသာ ရာထူး တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

၇-၇-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ပညာရေးဝန်ကြီးဌာနသည် ဖွဲ့စည်းပုံကို ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ရာ နောင်တွင် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်တွင် တက္ကသိုလ်(၁၂၆)ခု၊ ဒီဂရီကောလိပ် (၆)ခု၊ ကောလိပ်(၂၆)ခု စုစုပေါင်း (၁၅၈)ခု ရှိမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ တက္ကသိုလ် (၁၅၈)ခုတွင် အမျိုးသားပညာရေးဥပဒေ(၂၀၁၄ ခုနှစ်) နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၅ ခုနှစ်)တို့အရ ဆက်စပ်အကျုံးဝင်သည့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ကြီးကြပ်မှုအောက်တွင် တက္ကသိုလ်(၁၆)ခု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်တွင် တက္ကသိုလ်(၂)ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြီးကြပ်မှုအောက်တွင် တက္ကသိုလ်(၄)ခု၊ ဒီဂရီကောလိပ်(၁)ခု၊ ကောလိပ်(၂)ခု စုစုပေါင်း(၇)ခု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်တွင် တက္ကသိုလ်(၁)ခု၊ အစရှိသဖြင့် ပညာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် တက္ကသိုလ်(၁၀၃)ခု၊ ဒီဂရီကောလိပ်(၅)ခု၊ ကောလိပ်(၂၄)ခု ပေါင်း(၁၃၂) ခုတို့ ပါဝင်ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအတိုင်း ရာထူးတိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သော်လည်း နောင်တွင် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် (၁၅၈)ခု၏ နည်းပြ၊ သရုပ်ပြ ရာထူးတိုးမြှင့်ရေးနှင့် လက်ထောက်ကထိက ရာထူးတိုးမြှင့်ရေး ကိစ္စရပ်များကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါအတိုင်း တစ်ပြေးညီ မူတစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်ရေးအတွက် အခြားသော ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ရဲ့ မေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်မြောက်ပိုင်းရှိ တောင်ဘုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်း၍ (၁၂၀ ပေ x ၃၀ ပေ) ရှိသည့် RC နှစ်ထပ်ကျောင်းဆောင်တစ်ဆောင် အသစ်ဆောက်လုပ်ပေးရန်နှင့် မော့ကနင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်ဟောင်းကို အကြီးစားပြင်ဆင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေ BE လျာထားချက်များဆောင်ရွက်ရာတွင် အသစ်တည်ဆောက်ရန်လိုအပ်သော အခြေခံပညာကျောင်းရုံးများ၊ အန္တရာယ်ရှိကျောင်းများ၊ ဥပဓိရုပ်မကောင်းသော ကျောင်းများ၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန်လိုအပ်သော ကျောင်းများ၊ သိပ္ပံဆောင် လိုအပ်သောကျောင်းများနှင့် သဘာဝဘေးဒဏ်ကြောင့် နေရာပြောင်းရွှေ့ဆောက်လုပ်ရန် လိုအပ်သောကျောင်းများ အစရှိသည်ဖြင့် လုပ်ငန်းများကို ခွဲခြား၍ မြို့နယ်အလိုက် ဦးစားပေးအဆင့် သတ်မှတ်ပြီး စနစ်တကျ ပြုစုဆောင်ရွက်လျက်ရှိပါတယ်။

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ တောင်ဘုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် နှင်းဆီဆောင်(၉၀ × ၃၀) ပေ RC (၁)ထပ်၊ ကံကော်ဆောင်(၉၀×၃၀)ပေ RC (၁)ထပ်၊ သဇင်ဆောင် (၁၂၀ × ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်၊ ယုဇနဆောင်(၁၃၀ × ၂၀)ပေ၊ RC (၁)ထပ်၊ စံပယ်ဆောင် ဒီအဆောင်ကတော့ တင်ပြပါမှာ အန္တရာယ်အရှိဆုံးအဆောင်အဖြစ် တင်ပြအပ်ပါတယ်။ (၁၂၀ × ၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ် စုစုပေါင်း စာသင်ဆောင်(၅)ဆောင် ရှိပါတယ်။ အဆိုပါကျောင်းတွင် သူငယ်တန်း (KG)မှာ (၆၁)ဦး၊ ပထမတန်းမှာ(၇၃)ဦး၊ ဒုတိယတန်းမှာ(၅၅)ဦး၊ တတိယတန်းမှာ(၆၈)ဦး၊ စတုတ္ထတန်းမှာ(၆၈)ဦး၊ ပဉ္စမတန်းမှာ(၉၀)ဦး၊ ဆဋ္ဌမတန်းမှာ(၉၃)ဦး၊ သတ္တမတန်းမှာ (၇၁)ဦး၊ အဋ္ဌမတန်းမှာ(၅၄)ဦး၊ နဝမတန်းမှာ(၂၉)ဦးနှင့် ဒသမတန်းတွင်(၂၃)ဦး ပညာသင်ကြားပါသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ(၆၈၅)ဦး ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တင်ပြပါ အန္တရာယ်ဆောင်ဖြစ်သည့် စံပယ်ဆောင်မှာ စာသင်ကြားမှု လုံးဝမပြုလုပ်ဘဲ ကျန်ရှိသော အဆောင်(၄)ဆောင်တွင် အခန်း(၁၄)ခန်းခွဲ၍ တန်းခွဲ(၁၃)ခုဖြင့် ပညာသင်ကြားမှုပြုနေပါကြောင်း တင်ပြအပ်ပါတယ်။ တောင်ဘုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်သစ်(၁)ဆောင် ဆောင်ရွက်ပေးရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေတွင် ထည့်သွင်းလျာထားပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ရေးမြို့နယ်၊ မော့ကနင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ဗညားဒလဆောင် (၁၄၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်(၂)ထပ်၊ မြဝတီဆောင်(၁၄၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်(၂)ထပ်၊ နဝဒေးဆောင်(၁၅၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်၊ ပညာပန်းခင်းဆောင်(၂၀၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်(၂)ထပ်၊ အေးမြသီတာဆောင်(၁၄၀×၃၀)ပေ၊ RC(၂)ထပ်၊ တိုးချဲ့ဆောင် (၆၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်၊ စုစုပေါင်း စာသင်ဆောင်(၆)ဆောင်ဖြင့် သင်ကြားလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည့် ဗညားဒလဆောင်မှာ အန္တရာယ်ရှိအဆောင်ဆိုတာနဲ့ ဥပမိရုပ် မကောင်းသော ကျောင်းဆောင်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းတွင် အတန်းလိုက် ကျောင်းသား၊ ကျောင်းသူဦးရေ စုစုပေါင်းမှာ (၁၈၅၁)ဦးရှိပြီး တန်းခွဲပေါင်း(၄၁)ခုခွဲပြီး စာသင်ခန်း(၄၁)ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပထမအကြိမ်(၀၄၀၂) ပြင်ဆင်ထိန်းသိမ်းစရိတ်ခေါင်းစဉ်နဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်အတွက် ငွေကျပ် သိန်းပေါင်း(၆၃၈)သိန်း ခွဲဝေခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ မော့ကနင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ဗညားဒလဆောင်(ကျောင်းဆောင်ဟောင်း)အား ဥပမိရုပ် မကောင်းခြင်းအတွက် အကြီးစားပြင်ဆင်နိုင်ရန် ဘဏ္ဍာငွေ လျာထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေဖြင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးမိုးထွေး ရဲ့ မေးခွန်းဖြစ်တဲ့ ကရင်ပြည်နယ်အတွင်းရှိ ဆရာ၊ ဆရာမအင်အား မလုံလောက်သည့် စာသင်ကျောင်းများတွင် နေ့စားလပေး ဆရာ၊ ဆရာမများ ထပ်မံခန့်အပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ရှိပါက ဒေသခံပြည်သူလူထု၏ ဆန္ဒအတိုင်း ဘွဲ့ရ/ဘွဲ့မရရှိသေးသည့် ဒေသခံအစစ်များကိုသာ ဦးစားပေး ရွေးချယ်ရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး တင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကရင်ပြည်နယ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း အခြေခံပညာအထက်တန်းဆင့်သင်ကျောင်းပေါင်း (၁၃၇)ကျောင်း၊ အထက်တန်းပြ ဆရာ၊ ဆရာမ (၁၂၅၅)ဦး၊ အထက်တန်းဆင့်သင်ကျောင်းသား(၂၄၉၉၂)ဦး ရှိသည့်အတွက် ဆရာနှင့် ကျောင်းသားဦးရေမှာ (၁း၂၀) ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အခြေခံပညာအလယ်တန်းဆင့်သင်ကျောင်းကို ကျောင်းပေါင်း(၃၇၀) ကျောင်း၊ ခန့်ထားပြီး ဆရာ၊ ဆရာမပေါင်း (၄၀၄၃)ဦး၊ အလယ်တန်းဆင့်သင်ကျောင်းသားပေါင်း (၈၈၀၉၄)ဦး ရှိပါသဖြင့် အလယ်တန်းဆင့်သင် ဆရာနှင့်ကျောင်းသား အချိုးမှာ (၁း၂၂)ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အခြေခံပညာမူလတန်းဆင့်သင်ကျောင်းမှာကြည့်ရင်၊ မူလတန်းကျောင်းပေါင်း (၁၂၀၈)ကျောင်း၊ မူလတန်းပြ ဆရာ၊ ဆရာမများ (၇၀၂၇)ဦး၊ မူလတန်းကျောင်းသူ၊ ကျောင်းသား (၂၀၃၃၉၃)ဦး ရှိသဖြင့် မူလတန်းအဆင့်မှာတော့ ဆရာနှင့် ကျောင်းသားအချိုးမှာ (၁း၂၉) ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလို နေရာဒေသအလိုက် များတဲ့နေရာမှာ ဆရာများပြီး နည်းသောနေရာမှာ ဆရာဦးရေ ပြည့်မီရေးအတွက် ကျွန်တော် စိစစ်မှာဖြစ်ကြောင်း ရှိသေစွာ

တင်ပြအပ်ပါတယ်။ အခြေခံပညာဦးစီးဌာန၊ ကရင်ပြည်နယ်ပညာရေးမှူးရုံးက ၁-၇-၂၀၁၆ ရက်နေ့တွင် ကရင်ပြည်နယ်အတွင်း ဆရာ၊ ဆရာမ အင်အားမလုံလောက်ဖြစ်နေသည့် စာသင်ကျောင်းများအတွက် နေ့စားလပေး(မူလတန်းပြ)ဆရာ (၄၉၇)ဦးကို ဖြည့်ဆည်းခဲ့ပါတယ်။ ဖြည့်ဆည်းတဲ့အထဲမှာ နေရာဒေသကိုလိုက်ပြီး (၃၆၁)ဦးသာ အလုပ်ဝင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အတွက် ကျွန်တော်တို့ ဆရာ၊ ဆရာမနေရာ (၁၃၆)ဦးမှာ အလုပ်ဝင်ရောက်ခြင်း မရှိပါဘူး။ ဒီအတွက် ကရင်ပြည်နယ်ပညာရေးမှူးရုံးက ၂၉-၉-၂၀၁၆ ရက်နေ့တွင် ဒုတိယအကြိမ် နေ့စားလပေး ဆရာ၊ ဆရာမဦးရေ (၁၃၆)ဦးကို ဒုတိယအကြိမ် ဖြည့်ဆည်းခဲ့ပါတယ်။ ထိုသို့ ဖြည့်ဆည်းရာမှာလည်း သက်ဆိုင်ရာ ဒေသအတွင်းမှာရှိတဲ့ ဒေသခံများကို ဦးစားပေး ဖြည့်ဆည်းခန့်ထားပေးပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ နေ့စားလပေး ခန့်ထားရေးမူနှင့် စပ်လျဉ်း၍ ယခင် လွှတ်တော်မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် တက်ရောက် ဖြေဆိုစဉ်ကလည်းကောင်း၊ ကျွန်တော်တို့ ယခင် ဖြေကြားခဲ့တဲ့ ဆောင်ရွက်မှုများမှာလည်း ကျွန်တော်တို့ တင်ပြခဲ့တာရှိပါတယ်။ ဒီတင်ပြခဲ့တဲ့အထဲက ဖြေလျှော့ထားတဲ့ အချက်ဖြစ်တဲ့ အချို့ဝေးလံခက်ခဲသော ဒေသများတွင် မြို့မှတာဝန်ကျရာကျောင်းများသို့ ရောက်ရှိရန် (၁)ရက်မှ (၃)ရက်၊ (၄)ရက်နှင့်အထက်ကြာအောင် သွားရောက်နေရ၍ သွားလာရေးခက်ခဲသည့်အတွက် ခန့်ထားခြင်း ခံရသူများအနေဖြင့် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက ဒေသခံထဲများမှ အရည်အချင်းရှိသူများအား ဦးစားပေး၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် မြို့နယ်ပညာရေးမှူးရုံးများမှ ဆက်လက်အတည်ပြုရယူခန့်ထားကာ ဆရာဖြစ်သင်တန်းပေးပြီး နေ့စားယာယီ ခန့်ထားမည်ဖြစ်ကြောင်း တင်ပြပြီးဖြစ်ပါတယ်။

အဲဒီတော့ ဒီအချက်လေးကိုလည်း ကရင်ပြည်နယ်သာမက တခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များမှခန့်ထားပြီး ဝေးလံလို့ သွားမယ့်သူမရှိရင် ဒေသခံတွေကနေ ဆောင်ရွက်နိုင်သော အစီအစဉ်ကို လွှတ်တော်ကြီးအား ဖြည့်စွက်တင်ပြအပ်ပါတယ်။ ဒီနေ့စားယာယီဝန်ထမ်းအဖြစ် (၁)နှစ် တာဝန်ထမ်းဆောင်ပြီးပါက မူလတန်းဆရာအတတ်ပညာ စာပေးစာယူသင်တန်း နေ့သင်တန်း(၁)နှစ် ဆက်လက်တက်ရောက်စေပြီးမှ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒေသခံဖြည့်စွက်ခန့်ထားပြီးရင်လည်း သင်ကြားမှုအရည်အသွေး ပြည့်စုံစေရေးအတွက် ကျွန်တော်တို့ (၁)နှစ်သင်တန်းတော့ ပေးရပါမယ်။ ဆရာဖြစ်သင်တန်းပြီးမှ ကျွန်တော်တို့ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ရန် စီစဉ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး နောက်ထပ်မေးခွန်းတစ်ခုဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာဦးကွယ်ကွယ် ရဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးများစွာ၊ အမှတ်ပေါင်းများစွာဖြင့် အောင်မြင်သော်လည်း မိမိ အရည်အချင်းနှင့်ကိုက်ညီ၍ မိမိဝါသနာပါရာ အဆင့်မြင့်တက္ကသိုလ်များသို့ မတက်ရောက်နိုင်သော အလွန်ဆင်းရဲသည့် တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ သားသမီးများအား နိုင်ငံတော်မှ ပညာသင်စရိတ် ထောက်ပံ့ကြေး (Stipend) ပေးရန်အစီအစဉ် ရှိ/မရှိ၊ လက်ရှိပေးနေသော ပညာသင်ဆု (Scholarship) ပမာဏနှင့် အရေအတွက် တိုးမြှင့်ပေးရန်အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ ကျွန်တော်မှ ဆက်လက် ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် ဆင်းရဲနွမ်းပါးပြီး တက္ကသိုလ်ပညာသင်ကြားရန် အခက်အခဲရှိသူများအား ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပထမနှစ်နေ့သင်တန်းတက်ရောက်နေသော ကျောင်းသူ၊ ကျောင်းသားများ၏ (၁၀)ရာခိုင်နှုန်းအား နိုင်ငံတော်ဘဏ္ဍာမှ ခွဲဝေရရှိသည့် ရန်ပုံငွေအရ ပညာသင်ထောက်ပံ့ကြေး (Stipend)ကို တစ်ဦးလျှင် တစ်လအတွက် ကျပ်(၃၀၀၀၀)စီဖြင့် ပညာသင်တစ်နှစ်လျှင် စာသင်ကာလ(၁၀)လအတွက် ကျပ်(၃)သိန်းစီ ချီးမြှင့်ခဲ့တဲ့အစီအစဉ် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လောလောဆယ်အားဖြင့် ကျောင်းသား၊ ကျောင်းသူပေါင်း (၈၃၈၂)ဦးအား လျာထားနိုင်ခဲ့သော်လည်း လက်ရှိအားဖြင့် (၂၈၁၄)ဦးသာ ထောက်ပံ့ကြေးပေးနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ၌ အမှတ်အများဆုံးရရှိသူ၊ ဝိဇ္ဇာဘာသာတွဲ၌ အမှတ်အများဆုံးရရှိသူ၊ ဝိဇ္ဇာ + သိပ္ပံဘာသာတွဲ၌ အမှတ်အများဆုံးရရှိသူ စုစုပေါင်း (၁၀၀)ဦးဖြစ်ပြီး ၎င်းတို့ကို ပညာသင်ဆု (Collegiate Scholarship) အတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ခွဲဝေရရှိသောရန်ပုံငွေအရ တစ်ဦးကို တစ်လလျှင် ကျပ်(၁)သိန်းနှုန်းဖြင့် ပညာသင်နှစ်တစ်နှစ်အတွက် ပညာသင်ကာလ (၁၀)လသတ်မှတ်ပြီး ကျပ်(၁၀)သိန်းစီ ချီးမြှင့်ပေးပြီးဖြစ်ပါတယ်။ လက်ရှိဆောင်ရွက်နေသော ငွေကြေးပမာဏနှုန်းထားအတိုင်း ဆက်လက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ပညာသင်ဆုအရေအတွက် တိုးမြှင့်ဆောင်ရွက်နိုင်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မွန်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလင်းတင်ဌေး ရဲ့ မွန်ပြည်နယ်၊ ချောင်းဆုံမြို့အတွင်း အန္တရာယ်ရှိကျောင်းဆောင်၊ ဥပဓိရုပ်မကောင်းသည့် ကျောင်းဆောင်နှင့် တိုးချဲ့ကျောင်းဆောင်များအား အသစ် ပြန်လည်တည်ဆောက်ပေးပါရန်နှင့် ထိုသို့ တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဒုတိယမေးခွန်းဖြစ်သည့် လစ်လပ်လျက်ရှိသော ဆရာ၊ ဆရာမများအား ပြန်လည် အစားထိုးပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော်မှ တင်ပြမှာ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်မှ ကိုယ်စားလှယ်တော်ကြီး တင်ပြမေးမြန်းခဲ့တဲ့ ကျောင်းများထဲမှ ပလိုင်ဝမ်း အခြေခံပညာမူလတန်းကျောင်း၊ ဇီးကုန်း အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ဒေါင်းရပ်(အနောက်) အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)တို့ဟာ ကျွန်တော်တို့ ဝန်ကြီးဌာနမှ အမည်မှန် အနေများနဲ့ ပလိုင်ဝမ်း အခြေခံပညာမူလတန်းကျောင်း၊ အောက်ဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ဒေါင်းရပ်(အနောက်)ကျေးရွာ အခြေခံအလယ်တန်းကျောင်း(ခွဲ) တို့ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်ကြီး တင်ပြမေးမြန်းထားသည့် ချောင်းဆုံမြို့နယ်အတွင်းရှိ ရုံး(၁)ရုံး၊ အခြေခံပညာ(၁၄)ကျောင်းအနက်မှ အပြိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ အောက်ဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၊ နှီးမှုတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ ဇီးကုန်းသစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဒရယ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ မြို့မ အခြေခံပညာမူလတန်းလွန်ကျောင်း၊ တော်ပကောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဒေါင်းရပ်(အနောက်)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)၊ မုရစ်ကြီးကျေးရွာ အခြေခံပညာ

မူလတန်းလွန်ကျောင်းနှင့် ချောင်းဆုံမြို့နယ် ပညာရေးမှူးရုံးတို့တွင် အဆောင်သစ်များ ဆောက်လုပ်ခြင်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှာ ရန်ပုံငွေ ထည့်သွင်း သတ်မှတ်ပြီးပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ကျန်ရှိသော အခြေခံပညာကျောင်း(၅)ကျောင်းကိုမူ နောင်လာမည့် ဘဏ္ဍာရေးနှစ်၊ အဆောက်အဦများ စိစစ်ချိန်တွင် မြို့နယ်ကျောင်းအလိုက် ဦးစားပေးအစီအစဉ်အရ ထပ်မံဖြည့်စွက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၌ အခြေခံပညာအထက်တန်းဆင့်သင်ကျောင်း (၁၂)ကျောင်း၊ အခြေခံပညာ အလယ်တန်းဆင့်သင်ကျောင်း (၁၉)ကျောင်း၊ အခြေခံပညာမူလတန်းဆင့်သင်ကျောင်း (၈၀)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၁၁၁)ကျောင်းရှိပါတယ်။ အထက်တန်းဆင့်သင်ကျောင်းသား၊ ကျောင်းသူ(၂၇၈၂)ဦး၊ အထက်တန်းပြဆရာ(၁၂၆)ဦး ရှိသည့်အတွက် ဆရာ၊ ကျောင်းသား အချိုး အနေဖြင့် အထက်တန်းအဆင့်မှာ(၁း၂၂) ရှိပါကြောင်းနှင့် အလယ်တန်းဆင့်သင်ကျောင်းသား၊ ကျောင်းသူ(၇၄၈၅)ဦး၊ ဆရာ၊ ဆရာမအင်အား (၅၁၇)ဦးရှိပါသဖြင့် အလယ်တန်းအတွက် ဆရာ၊ ကျောင်းသား အချိုးမှာ(၁း၁၄)၊ မူလတန်းဆင့်သင်ကျောင်းသူ၊ ကျောင်းသားပေါင်း (၁၃၇၁၈)ဦး၊ ဆရာ၊ ဆရာမအင်အား (၃၈၅)ဦး ရှိသည့်အတွက် မူလတန်းအဆင့်မှာ ဆရာ၊ ကျောင်းသားအချိုး (၁း၃၆) ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့ ဖွဲ့စည်းပုံအင်အား(၁၀၀၀)ကျော်မှာ (၃၄)ဦး လစ်လပ်ခြင်း အတွက်လည်း ကျွန်တော်တို့ ဖြည့်စွက်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးသည် ပညာရေးနဲ့စပ်လျဉ်းလို့ မိမိဒေသအတွင်းမှာ ထဲထဲဝင်ဝင် လေ့လာဆောင်ရွက်ပြီး ပြည်သူလူထုများရဲ့ဆန္ဒနှင့်အညီ တင်ပြခြင်းအတွက် ပညာရေး ဝန်ကြီးဌာနမှ ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ကိုယ်စားလှယ်တော်များ၏ တင်ပြချက်များကို တတ်နိုင်စွမ်းသမျှ ပြည့်စုံအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြရင်း ကျွန်တော်၏ ဖြေကြားချက်ကို နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးအများကြီး တင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက် ၂၉-၈-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ ထားသော သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့လာတဲ့ ပြင်ဆင်ချက်ကို ဆွေးနွေးရန်

အမည်စာရင်း တင်သွင်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၇။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်ရော စိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာစေကြောင်း ဆုမွန်တောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ ဆွေးနွေးမှာက ပြည်သူ့ လွှတ်တော်က အတည်ပြုချက်နဲ့ ပြန်လည်ပေးပို့လာတဲ့ သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ပြန်လည်ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။ အပိုဒ်၂(က)ဖြစ်ပါ တယ်။ အပိုဒ် ၂(က)မှာ ပြည်သူ့လွှတ်တော်က အတည်ပြုချက်မှာ သက်ကြီးရွယ်အို ဆိုသည်မှာ အသက်(၆၀)နဲ့ အထက်ရှိသော မြန်မာနိုင်ငံသားအားလုံးကို ဆိုလိုသည်လို့ မြန်မာနိုင်ငံသားဆိုတာကို အသုံးပြုထားတာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် အတည်ပြုချက်မှာကတော့ နိုင်ငံသားအားလုံး ကိုဆိုသည် ဆိုတာကို အတည်ပြုထားတာဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံသားဆိုတဲ့ စကားရပ်ဟာ ပိုပြီးတော့ ညီညွတ်မှုရှိတယ်လို့ ကျွန်တော်တို့အနေနဲ့ ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပုဒ်မ ၃(ခ)၊ ပုဒ်မ ၁၁(က)တို့၊ ပုဒ်မ ၁၆(ခ)တို့မှာ နိုင်ငံတော်တို့ ဆိုတာ သုံးထားတာတွေရှိတဲ့အတွက် နိုင်ငံတော် ဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ရာ ဖြစ်တယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃ မှာ ပြဋ္ဌာန်းထား တာဖြစ်တာကတစ်ကြောင်း၊ နောက်ပြီးတော့ ပြည်သူ့လွှတ်တော်က ပုဒ်မ ၁၃(ည)ကို ပယ်ဖျက်ထားတာ တစ်ကြောင်း တွေ့ပါတယ်။ ပုဒ်မ ၁၃(ည)မှာက မြန်မာနိုင်ငံသားတိုင်းရရှိမယ့် အခွင့်အရေးအားလုံးကို သက်ကြီးရွယ်အိုများ ရရှိနိုင်သည် ဆိုတာကို ပယ်ဖျက်ထားတဲ့အတွက် ဒီဥပဒေမှာ ရှေ့နောက်ညီအောင် ဆိုရင် အခု မြန်မာနိုင်ငံသားဆိုတဲ့အသုံးအနှုန်းကို မသုံးဘဲနဲ့ နိုင်ငံသားအားလုံးကို သုံးရင် ပိုပြီးတော့ ရှေ့နောက်ညီမှာဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ထားသင့်ပါကြောင်း ဦးစွာပထမ ဆွေးနွေးပါတယ်။

နောက် အပိုဒ် ၃(ခ)ကို ကျွန်တော် ဆွေးနွေးမှာ ဖြစ်ပါတယ်။ အပိုဒ် ၃(ခ)က ပြည်သူ့ လွှတ်တော်က အတည်ပြုထားတဲ့ နိုင်ငံတော်နှင့် စေတနာရှင်များက သက်ကြီးရွယ်အိုများအား ထောက်ပံ့ကြေးပေးခြင်းဖြင့်လည်းကောင်း၊ သက်ကြီးရွယ်အိုများ ဆောင်ရွက်နေသော ဝင်ငွေရလုပ်ငန်း များကို တိုက်တွန်းပေးခြင်းဖြင့်လည်းကောင်း၊ သက်ကြီးရွယ်အိုများကို ပုံမှန်ဝင်ငွေ ရရှိဆောင်ရွက် ပေးရန် ဆိုပြီးတော့ ပုံမှန်ဝင်ငွေကို ကျွန်တော် ဆွေးနွေးမှာဖြစ်ပါတယ်။ ပုံမှန်ဝင်ငွေဆိုတဲ့ စကားရပ်က ဒီ အခန်းခေါင်းစဉ်မှာ ဝင်ငွေပုံမှန် ရရှိရေးဆိုတာကို ဒီအခန်းခေါင်းစဉ်က ဖော်ပြထားတာရှိပါတယ်။ ဒီမှာ ပုံမှန်ဝင်ငွေနဲ့ ဝင်ငွေပုံမှန် ကွာခြားမှုရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပုံမှန်ဝင်ငွေဆိုတာ ဥပမာ နေ့တွက်၊ လစာ စသည်အားဖြင့် ပုံမှန်ရရှိနေတဲ့ငွေကိုဖြစ်သလို၊ ဝင်ငွေပုံမှန်ကျတော့ အတိအကျ မရှိဘဲနဲ့ ရရှိတဲ့ငွေကို ခေါ်ပါတယ်။ ဒါဆိုရင် ကျွန်တော် ဒီဥပဒေမှာ ပုံမှန်ဝင်ငွေရရှိဖို့ဆိုရင် သက်ကြီး

ရှယ်အို ထောက်ပံ့မှုရရှိမယ့် သက်ကြီးရွယ်အိုတွေကို ဒီဥပဒေအရ ဘယ်လောက်ပေးမှာလဲ၊ တစ်လကို ဘယ်လောက်ထောက်ပံ့မှာလဲဆိုတာ တိတိကျကျ ကျွန်တော်တို့ ဖော်ပြထားတာမရှိပါဘူး။

ဒါကြောင့်မို့ ပံ့မှန်ဝင်ငွေဆိုတဲ့ဖော်ပြချက်ကို ကျွန်တော်တို့က နောက်တစ်ခုကလည်း ဒီ ပံ့မှန်ဝင်ငွေဆိုတာကို ဒီဥပဒေမှာ အဓိပ္ပာယ်ဖွင့်ဆိုထားတာ မရှိတဲ့အတွက် ဒီ ပံ့မှန်ဝင်ငွေဆိုတဲ့ စကားရပ်ကို ကျွန်တော်တို့က အသုံးမပြုတော့ဘဲနဲ့ ဝင်ငွေလုံလောက်မှုဆိုတဲ့ စကားရပ်ကို ကျွန်တော်တို့က ဝင်ငွေရရှိရေးဆိုတဲ့ စကားရပ်ကို အသုံးပြုရမှာဖြစ်တယ်။ နောက်ပြီးတော့ ဒီ ပုဒ်မတစ်ခုတည်းမှာ သက်ကြီးရွယ်အို၊ သက်ကြီးရွယ်အို၊ သက်ကြီးရွယ်အိုဆိုပြီးတော့ သက်ကြီးရွယ်အိုတွေ (၃)ကြိမ်လောက်ကို ဆက်တိုက်ကြီး ရေးထားတာဖြစ်တဲ့အတွက် ဒါ ပိုပြီးတော့ ကျစ်လျစ်သွားအောင် ကျွန်တော့်အနေနဲ့ ပြန်ပြီးတော့ ပြင်ဆင်ရန် အကြံပြုချင်တာပါ။ နိုင်ငံတော်နှင့် စေတနာရှင်များက သက်ကြီးရွယ်အိုများအား ထောက်ပံ့ပေးခြင်း သို့မဟုတ် ၎င်းတို့၏ ဝင်ငွေရရှိရေးကို တိုက်တွန်းပေးခြင်းနှင့် ဝင်ငွေရရှိရေးကို ဆောင်ရွက်ပေးရန်လို့ ပြင်ဆင်ရန် အကြံပြုဆွေးနွေးပါတယ်။

နောက်တစ်ခုက အပိုဒ် ၄(က)၊ အပိုဒ်ခွဲငယ်(၁၂)ဖြစ်ပါတယ်။ ဒါတော့ မြန်မာနိုင်ငံ သက်ကြီးရွယ်အို ကော်မတီဖွဲ့စည်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်တစ်ဦး ဆိုပြီးတော့ အတည်ပြုထားတာ ရှိပါတယ်။ ဒါကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့က ဒီနေရာမှာ တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ အဖွဲ့ဝင်တစ်ဦးပါဖို့ ကျွန်တော်က ဒီနေရာမှာ ပထမအကြိမ်တည်းက ဆွေးနွေးထားတာလည်း ရှိပါတယ်။ ဒါ ဘာလို့လဲဆိုတော့ တိုင်းရင်းသားပြည်နယ်တွေမှာ ဖွဲ့စည်းမယ့်ကော်မတီတွေ၊ နောက်ပြီးတော့ ဒေသဆိုင်ရာ ဆပ်ကော်မတီတွေ ဖွဲ့ရာမှာလည်း မိမိတို့လူမျိုးများ ကော်မတီဝင်ထဲမှာ ပါဝင်တဲ့အတွက် ပိုမိုအဆင်ပြေအောင် ဖြစ်ပါတယ်။ နောက်ပြီးတော့ ပုဒ်မ ၁၆ မှာလည်း လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာရပ်နဲ့ ကိုးကွယ်ခွင့်နဲ့ လူမျိုးဓလေ့ထုံးစံအတိုင်း၊ ကိုးကွယ်ရာဘာသာအတိုင်း သင်္ဂြိုဟ်ခွင့်ရှိတယ်လို့ပဲ သတ်မှတ်ထားတဲ့အတွက် အခုဖွဲ့စည်းပုံမှာ တိုင်းရင်းသားရေးရာဝန်ကြီးဌာနအနေနဲ့ ပါဝင်ဖို့အတွက် ကျွန်တော်က ဒီနေရာမှာ အကြံပြုခြင်းဖြစ်ပါတယ်။ ဒီလို တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပါဝင်ခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ (၂၁)ပင်လုံညီလာခံကို အားသစ်လောင်းစေနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆတဲ့အတွက် ဒီနေရာမှာ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို အဖွဲ့ဝင်အဖြစ် ပါဝင်ဖို့အတွက် ဆွေးနွေးပါတယ်။

နောက် ပုဒ်မ ၂၂(င)ဖြစ်ပါတယ်။ ပုဒ်မ ၂၂(င)မှာက စရိတ်ထောက်ပံ့မှု လိုအပ်သော သက်ကြီးရွယ်အို ဆုံးပါးသွားသောအခါ ၎င်း၏ရုပ်ကလာပ်အား သက်ဆိုင်ရာ ဓလေ့ထုံးတမ်းနှင့်အညီ ဆောင်ရွက်ပေးရမည်လို့ ဒါ အမျိုးသားလွှတ်တော်က အတည်ပြုထားပါတယ်။ ဒါကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားတာဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်က ကျွန်တော့်အနေနဲ့ ပယ်ဖျက်ရန် မသင့်ဘူးလို့ ကျွန်တော်က ဆွေးနွေးတာ။ ဘာဖြစ်လို့လဲဆိုရင် ဒီ ခိုကိုးရာမဲ့တဲ့ သက်ကြီးရွယ်အိုတွေ ဆုံးပါးသွားတဲ့အခါမှာ ဆွေမျိုးသားချင်းမရှိတဲ့ ဒီရုပ်ကလာပ်ကို ဖျာလိပ်ပတ်ပြီးတော့ လူထမ်းပို့တာမျိုး မဖြစ်စေချင်တဲ့အတွက် မဖြစ်စေရပါဘူး။ ပိုမိုကောင်းမွန်အောင် သင်္ဂြိုဟ်ပေးရမှာဖြစ်တဲ့အတွက် ဒီ ၎င်းတို့ရဲ့ လူမျိုး၊ ဘာသာ၊ ဓလေ့ထုံးတမ်းအရသာ လုပ်ဆောင်ပေးမှသာ သင့်တော်မှာဖြစ်တဲ့အတွက် ဥပမာ ဗုဒ္ဓဘာသာ

ဆိုရင်လည်း သက်ကြီးရွယ်အိုတွေ ဆုံးပါးသွားတဲ့အခါမှာ ဘုန်းကြီးပင့်ပြီး သရဏဂုံ တင်တာမျိုးတွေ၊ အမျှပေးတာမျိုးတွေ၊ စသည်ဖြင့် ခရစ်ယာန်ဆိုရင်လည်း ခရစ်ယာန်ဘာသာ ထုံးတမ်းအတိုင်း ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပုဒ်မက ပယ်ဖျက်ရန်မသင့်ဘဲနဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားသင့်တယ်လို့ ကျွန်တော်က အကြံပြုပါတယ်။

ပုဒ်မ ၆၀ ဖြစ်ပါတယ်။ ပုဒ်မ ၆၀၊ ဒီပြဋ္ဌာန်းချက်ကတော့ ပြစ်မှု၊ ပြစ်ဒဏ် ပြဋ္ဌာန်းချက် ဖြစ်ပါတယ်။ ပြစ်မှု၊ ပြစ်ဒဏ် ပြဋ္ဌာန်းချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုထားပြီးတော့ ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားတာတွေ့ပါတယ်။ ပုဒ်မ ၆၀၊ မည်သူမဆို ဒီဥပဒေက ထုတ်ပြန်သော နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် (၆)လထက်မပိုသော ထောင်ဒဏ်၊ ငွေဒဏ်၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ ပြည်သူ့လွှတ်တော်မှာ ပယ်ဖျက်ထားတဲ့အတွက် ဒီနေရာမှာ အမျိုးသားလွှတ်တော်က အတည်ပြုချက် အတိုင်း ထားသင့်တယ်ဆိုတာကို ကျွန်တော်ဆွေးနွေးမှာဖြစ်ပါတယ်။ ဒီပြစ်မှု၊ ပြစ်ဒဏ်ကို ပယ်ဖျက် လိုက်ခြင်းအားဖြင့် ဒီ အားမတန် မာန်လျှော့နေတဲ့ သက်ကြီးရွယ်အိုရဲ့ လုံခြုံမှု အကာအကွယ်ဟာ လုံးဝ ကင်းမဲ့သွားမှာ ဖြစ်ပါတယ်။ ဒါ ပထမတစ်ကြိမ်မှာလည်း ကျွန်တော် ဆွေးနွေးထားတာရှိပါတယ်။ ဒီ သက်ကြီးရွယ်အိုတွေကို တောင်းရမ်းခိုင်းတာတွေ အမြောက်အမြား တွေ့ရတာရှိပါတယ်။ ဒီလို တောင်းရမ်းခိုင်းခြင်း မခံရအောင် ဥပဒေအရ အကာအကွယ်ပေးထားရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီဥပဒေ၊ ဒီပြဋ္ဌာန်းချက်ဟာ ပယ်ဖျက်ရန်မသင့်ဘူးလို့ ကျွန်တော့်အနေနဲ့ အကြံပြုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီပြဋ္ဌာန်းချက်ဥပဒေကို သက်ကြီးရွယ်အို ဒီ ဥပဒေကိုယ်တိုင် ကိုက သက်ကြီးရွယ်အိုဆိုင်ရာလို့ ပြောထားတဲ့အတွက် ဒီဆိုင်ရာဆိုတဲ့ စကားလုံး သုံးနှုန်းလိုက်တဲ့ အတွက် ထောက်ပံ့ခြင်း၊ စောင့်ရှောက်ခြင်း၊ ကာကွယ်ခြင်းဆိုတဲ့ အဓိပ္ပာယ်တွေ သက်ရောက်တာ ဖြစ်တဲ့အတွက် ဒီကာကွယ်ပေးထားတဲ့ ဒီပုဒ်မကို ပယ်ဖျက်ရန် မသင့်ပါကြောင်း ကျွန်တော်က ဒီမှာ အကြံပြုတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်အရ သက်ကြီးရွယ်အိုဆိုင်ရာ နည်းဥပဒေတွေ၊ နောက်ပြီးတော့ အမိန့်တွေ ဒါတွေကို ချိုးဖောက်ရင် ဒီဥပဒေအရ ထောင်ဒဏ် (၆)လ ကျခံရမှာ ဆိုတဲ့အခါကျတော့ လက်ရှိတည်ဆဲဥပဒေတွေ အများကြီးရှိပါတယ်။ ဒီနည်းဥပဒေတွေ ပြုတဲ့အခါမှာ တည်ဆဲဥပဒေဖြစ်တဲ့ ပြစ်မှုဆိုင်ရာဥပဒေ နာကျင်မှုတွေ၊ စော်ကားမှု၊ ဒီစော်ကားမှု ဥပဒေတွေကို ဒါတွေကို ထိခိုက်မှုမရှိအောင်လည်း ကျွန်တော့်အနေနဲ့ ဖြည့်စွက်ပြီးတော့ နည်းဥပဒေများ ရေးဆွဲတဲ့အခါမှာ ဒီတည်ဆဲဥပဒေတွေ ထိခိုက်မှုမရှိအောင်လည်း ရေးဆွဲရမှာဖြစ်တယ်ဆိုတာလည်း ကျွန်တော် တစ်ဆက်တည်း အကြံပြုတာဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ ပုဒ်မ ၆၁ ဖြစ်ပါတယ်။ ပုဒ်မ ၆၁ က ပြည်သူ့လွှတ်တော် အတည်ပြုချက် အပိုဒ် ၆၁ မှာ သက်ကြီးရွယ်အိုများအား မတရားပြုကျင့်ခြင်းနဲ့စပ်လျဉ်း၍ မတရားပြုကျင့်ခံရသူ ကိုယ်တိုင်ဖြစ်စေ၊ မြင်တွေ့သူ တစ်ဦးတစ်ယောက်က ဖြစ်စေ သက်ဆိုင်ရာရဲစခန်းသို့ နှုတ်ဖြင့်သော် လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း သတင်းပေးတိုင်ကြားနိုင်သည် လို့ဆိုတဲ့နေရာမှာ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ချင်တာကတော့ အမှုဖွင့်ရန် သတင်းပေး တိုင်ကြားနိုင်

သည်လို့ ဖြည့်စွက်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုတိုင်ကြားတဲ့အခါမှာ ဒီ ရဲစခန်းကနေပြီးတော့ သတင်းပေးတိုင်ကြားတဲ့အခါမှာ အမှုမဖွင့်ဘဲဖြစ်မှာစိုးလို့၊ ကျွန်တော်တို့က အမှုဖွင့်ရန် သတင်းပေး တိုင်ကြားနိုင်သည်လို့ ဒီတိုင်ကြားချက်က ဥပမာ ကျွန်တော်တို့ FIR လာတဲ့အခါ First Information Report လာတဲ့အခါမှာ FIR မသွင်းဘဲထားမှာစိုးလို့၊ ဒီဥပဒေကို အမှုဖွင့်ရန် ဒီ ရဲမှာ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ဒီလို အမှုဖွင့်ကာကွယ်ပေးမှသာလျှင် (ဒီဥပဒေမှာ ပြဋ္ဌာန်းတဲ့) ပြစ်မှု၊ ပြစ်ဒဏ်တွေက အသက်ဝင်မှာ ဖြစ်ပါတယ်။ နို့မို့ဆိုရင် အချည်းအနှီးပဲဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့် မို့လို့ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ချင်တာကတော့ အမှုဖွင့်ရန် သတင်းပေး တိုင်ကြားနိုင်သည်လို့ ဖြည့်စွက်ရင်းနဲ့ အကြံပြုဆွေးနွေးပါတယ်။

နိဂုံးချုပ်အားဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ကျန်ရှိတဲ့ပုဒ်မများကို ကျွန်တော့်အနေနဲ့ ဆွေးနွေးရန် မရှိတော့ပါကြောင်း ပြောကြားရင်းနဲ့ ကျွန်တော့်ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက် နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက် မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၁း၁၉ နာရီ အချိန်တွင် ရပ်နားပါသည်။]